# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၃၁)


## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတိုင်း လျှောက်လှမ်းကြရမည့်လမ်း

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ကြေညာထားပြီးဖြစ်ရာ အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်သည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန် အတွက် တိုင်းရင်းသားပြည်သူအားလုံးက မမိုတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်းပင်ဖြစ်သည်။ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော တိုင်းရင်းသား ပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်အပြည့်အဝဖြင့် ထိုခရီးလမ်းတစ်လျှောက် တည့်မတ်ဖြောင့်ဖြူးစွာ လျှောက်လှမ်းကြရန်ဖြစ်သည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
နှစ် (၆၀) ပြည့် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

## အမှာစကားပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဟားခါးမြို့ မြို့တော်ခန်းမ၌ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဟားခါးမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# တောင်ယာစနစ်အစား လှေကားထစ်နှင့် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ် သားစဉ်မြေးဆက်အထိ လက်ဆင့်ကမ်းစိုက်ပျိုးနိုင်အောင် ပြုပြင်ပြောင်းလဲ လက်ဖက်ပြည်နယ်ဖြစ်ရမည်ဟု ခံယူချက်ထား၍ တစ်အုပ်တစ်မစီးပွားဖြစ်စိုက်ပျိုး

နေပြည်တော် ဖေဖော်ဝါရီ ၇

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်)

# ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်ရေး ကုသမှုအဆင့်အတန်းမြင့်မားအောင် တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်က ဆေးပညာခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးတက္ကသိုလ်များနှင့် ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်၍ ကျောင်းသူ ကျောင်းသားများအား သင်ကြားပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ကျန်းမာရေးဆိုင်ရာ ကုသမှုနည်းပညာများ အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ ဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၌ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများနှင့် သုတေသနပြုမှုများ ပြုလုပ်လျက်ရှိသည့်အပြင် ပြည်ပဆရာဝန်ကြီးများ၊ ကျန်းမာရေးပညာရှင်များနှင့် တွေ့ဆုံပြီး အလုပ်ရုံဆွေးနွေးပွဲများ၊ လက်တွေ့ ခွဲစိတ်ကုသမှုများ ဖော်ဆောင်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ပြည်ပဆရာဝန်များ ပူးပေါင်းပြီး မျိုးဆက်သစ်ဆရာဝန်များ အရည်အသွေး မြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲနှင့် သရုပ်ပြခွဲစိတ်မှုကို ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး၌ ဖေဖော်ဝါရီလ ၄ရက်နေ့မှ ၇ရက်နေ့အထိ ကျင်းပလျက် ရှိသည်။

လက်တွေ့သရုပ်ပြ ခွဲစိတ်ကုသမှုမှ လုပ်ငန်းအတွေ့အကြုံများ တိုးပွားကာ အသိအမြင်ချင်း ဖလှယ်နိုင်သဖြင့် လူနာများကို ပြုစုစောင့်ရှောက်ရာတွင် များစွာအထောက်အကူ ရရှိစေမည်ဖြစ်သည်။ ကုသမှုနယ်ပယ်တွင် နည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆရာဝန်များသာမက ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက်ပါ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစေမည်ဖြစ်သည်။

ထိုသို့ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါနှင့် စပ်လျဉ်း၍ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးအတတ်ပညာများ စီမံဆောင်ရွက်ပေးခြင်းသည် အရည်အသွေးမြင့်မားသည့် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေး ပြုစုပျိုးထောင်ပေးနေခြင်းပင် ဖြစ်သည်။

နိုင်ငံတော်က မျိုးဆက်သစ် ဆရာဝန်များအား လုပ်ငန်းအတွေ့အကြုံ ရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပ အလုပ်ရုံ ဆွေးနွေးပွဲများ၊ လက်တွေ့ခွဲစိတ်ကုသမှုများ လုပ်ငန်းတိုးမြှင့် ဖော်ဆောင်ပေးလျက်ရှိရာ ကျန်းမာရေးဆိုင်ရာ ကုသမှုအဆင့်အတန်း မြင့်မားတိုးတက်လာခြင်းဖြင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုပေးစွမ်းသွားနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အာဆီယံလူငယ်နေ့ အစည်းအဝေး တက်ရောက်ရန်နှင့် အာဆီယံလူငယ်စွမ်းဆောင်ဆု လက်ခံယူရန် လာအိုနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံလူငယ် အစည်းအဝေးနှင့် အာဆီယံလူငယ် စွမ်းဆောင်ဆုပေးပွဲသို့ တက်ရောက်ရန် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနလူမှုဝန်ထမ်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင် ဦးဆောင်၍ အာဆီယံလူငယ် စွမ်းဆောင်ဆုရှင် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းအလုပ်အမှုဆောင် ဒေါ်ချိုသီရိမောင်နှင့် ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်)မှ ထူးချွန်လူငယ် ဒေါ်ချိုသက်တင် (နည်းပြ-ဂီတ) တို့သည် ဖေဖော်ဝါရီ ၄ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ အကြံပေး ပုဂ္ဂိုလ် ဒေါ်ရီရီမြင့်၊ အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်းသတင်းရရှိသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၈-၂-၂၀၀၈
(သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံ မှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅ ၄။ မဟာဂီတ ချိုကြည်မြ
၄း၅၅ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၂၅ ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၃၀ ၁၁။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅ ၁၂။ လျှပ်တစ်ပြက်
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၇၀)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ **စေညွှန်ရာလမ်းမများ** တက္ကစီမင်းနှင့် စွန့်စားမှု
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၄)

## အမှတ်( ၂ ) အခြေခံပညာဦးစီးဌာန ညွှန်/ချုပ် ကျောက်ဆည်မြို့နယ် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းက ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မြို့နယ်ပညာရေးမှူး အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ ဆရာ ဆရာမများအားတွေ့ဆုံ၍ သင်ကြားသင်ယူမှု လုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု၊ ဆရာ ဆရာမများ၏ ကြိုးကြပ်ကွပ်ကဲမှု၊ တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းအဆင့် အောင်ချက်ရာခိုင်နှုန်း၊ ဘာသာရပ် အလိုက် အောင်ချက်ရာခိုင်နှုန်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာမေးခွန်းနှင့် အဖြေစုံစာအုပ်များဖြင့် သင်ကြားပေးနိုင်မှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စီမံချက်ပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ထားနိုင်မှုတို့ကို ဆွေးနွေး၍လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည်(မြို့မ) အခြေခံပညာ အလယ်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

## တုကျွန်းဇမ္ဗူအောင်ဗောဓိစေတီတော် ပုဒ္ဓပူဇနီယပွဲတော်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် တန်တစ်ရာဆန်စက်တစ်ဖက်ကမ်းရှိ ဘုရားချောင်းကျေးရွာတွင် တည်ထားကိုးကွယ်ထားသော တုကျွန်းဇမ္ဗူအောင်ဗောဓိစေတီတော်အား (ဖေဖော်ဝါရီ ၂၁ရက်) ၁၃၆၉ခုနှစ် တပို့တွဲလပြည့် (ကြာသပတေးနေ့)တွင် အဌမအကြိမ်မြောက် အနေကဇာတင်ခြင်း၊ တုကျွန်းဇမ္ဗူမဟာမြတ်မုနိရုပ်ပွားတော်အား ဗုဒ္ဓါဘိသေက မင်္ဂလာပြုခြင်း၊ သံဃာတော် ၂၇ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ကြွရောက်လာသည့်ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးပြီး ပျော်ပွဲရွှင်ပွဲအနေဖြင့် ရွှေနှလုံးသားဇာတ်သဘင်ဖြင့် အခမဲ့ကပြဖျော်ဖြေမည်ဖြစ်ပါသဖြင့် ဂေါပကအဖွဲ့နှင့် ဘုရားဒါယကာ ဦးတင်မောင် (စာရေးဆရာကရမက်)တို့က ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

## ကဝ-အရှင်ဝဏ္ဏိသရ တရားပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

**ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် ၅ရပ်ကွက်၊ ဖြူးဆရာတော်၏ တပည့် ရွှေကျင်ဆရာတော် အရှင်သဒ္ဓမ္မနှင့် ကဝ-အရှင်ဝဏ္ဏိသရ အစိုးရဓမ္မာစရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ ဖြူးမဟာစည် နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်တို့သည် ၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၅ ရက်မှ ၁၃ရက် (ဖေဖော်ဝါရီ ၁၁ရက်မှ၁၉ရက်)အထိ ဖျာပုံမြို့နယ် ကျုံတာကျုံဖဲ မော်ဝန်းစု မဟာစည်ရိပ်သာ၌လည်းကောင်း၊ ၂၁ရက်မှ ၂၃ရက်အထိ ပဲခူးတိုင်း မိုးညိုမြို့နယ် ရွှေသောင်ရွာ ဦးဝင်းထွန်း -ဒေါ်ကြည်ကြည်မိသားစုတို့၏ ဓမ္မသဘင်၌ လည်းကောင်း၊ ၂၅ရက်မှ မတ် ၃ရက်အထိ မကွေးတိုင်း ပဋ္ဌနဂိုရ်ရွာသစ်၌ လည်းကောင်း ညစဉ်ဂုဏ်ရှိမှစ၍တရားတော်များ ဟောကြားမည်ဖြစ်သည်။**

(က-ပ)

## ဖြူးမဟာစည်သိမ်တော် စုပေါင်းလှူဒါန်းမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် ၅ရပ်ကွက် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိအရှင် သီတင်းသုံးတော်မူသော ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်အတွင်း၌ ဆောက်လုပ်ဆဲဖြစ်သော သာသနဝုဓိကာရီသိမ်တော်မြတ်ကြီးကို အကျိုးတော်ဆောင်အဖွဲ့နှင့်ဒါယကာ၊ ဒါယိကာမများက စုပေါင်းလှူဒါန်းမည်ဖြစ်ရာ ကုသိုလ်ပါဝင်လိုသူများသည် ဖြူးမဟာစည်ရိပ်သာ ဖုန်း-၀၁-၅၃၀၀၆၈၊၀၁-၅၀၁၈၄၆၊လိုင်းခွဲ ၁၈၁နှင့် ၀၉-၅၀-၁၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

● ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဖေဖော်ဝါရီ ၆ရက် နံနက် ၈နာရီတွင် ဟားခါးမြို့ရှိ ပြည်နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြပြီး နှစ်ထပ်ပင်မလူနာဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

## ဆေးပဒေသာပင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်နယ်ပြည်သူ့ဆေးရုံကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်စီ၊ ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာမင်းခိုင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများအားတွေ့ဆုံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းမှာကြားကာ ဆေးပဒေသာပင်အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဟားခါးမြို့ မြို့တော်ခန်းမ၌ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဟားခါးမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

## ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် စက်ယန္တရားကြီးများ လိုအပ်မှု၊ မြို့နယ်အလိုက် ရေအားလျှပ်စစ်ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးသင့်သည်များအနက် လက်ငင်းဖြည့်ဆည်း ဆောင်ရွက်နိုင်သည်များကို လက်ငင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ အချို့ကိစ္စရပ်များမှာ လုပ်ငန်းသဘောသဘာဝအရ ညှိနှိုင်းစိစစ်လေ့လာမှုများ ပြုလုပ်သွားမှာဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးရမည်များကို မျက်ခြည်မပြတ် လေ့လာဆန်းစစ်ဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးအသိဖြစ်ကြောင်း၊ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရန်မှာ နိုင်ငံတော်၏ ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးမှုများကို ဒေသခံတိုင်းရင်းသားများက အကျိုးရှိရှိ အသုံးချ၍ ကြိုးကြိုးစားစား လုပ်ကိုင်ကြရန်လိုအပ်ကြောင်း၊ ပြည်နယ်၌ ဒေသဝမ်းစာဖူလုံအောင်၊ စီးပွားရေးအရ တောင့်တင်းခိုင်မာအောင်၊ ပညာတတ်များ ပိုမိုတိုးပွားလာအောင်၊ ကျန်းမာကြံ့ခိုင်သူများပြားအောင် ဘက်စုံကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းစေလိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးချုပ်သည် ဟားခါးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့အတွက် လက်ဆောင်ပစ္စည်းများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများသို့ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဟားခါးမြို့၌ တည်ဆောက်လျက်ရှိသည့် အစိုးရစက်မှုလက်မှုသိပ္ပံကို သွားရောက်ကြည့်ရှု စစ်ဆေးကြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်သွားမည့် အဆောင်များဆောက်လုပ်ရန် လျာထားသည့်မြေနေရာများကို ရှင်းလင်းပြသကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ သွားရောက်ကြပြီး အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ကနုကမာကျောက်စီပန်းချီသင်တန်း၊ လက်ရက်ကန်းသင်တန်းတို့ ဖွင့်လှစ်သင်ကြားပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သင်တန်းကျောင်းအုပ်နှင့် နည်းပြများအား လိုအပ်သည်များ မှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ရဟတ်ယာဉ်များဖြင့် ဟားခါးမြို့မှ မတူပီမြို့သို့ရောက်ရှိကြပြီး ရှေးဦးစွာ မတူပီမြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

## ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ကြပြီး ကျောင်းသားလူငယ်များအား နှုတ်ဆက်အားပေးကာ အိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ကျောင်းအုပ်နှင့် နည်းပြများအား ကလေးသူငယ်များကို စေတနာထား၍ ပြုစုပျိုးထောင် စောင့်ရှောက်ရန်မှာကြားပြီး ကျောင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် မတူပီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦးတို့က မတူပီမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မင်းတပ်ခရိုင်နှင့် မင်းတပ်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက် ကျန်းမာသန့်စွမ်းသည့်ပညာတတ်များပေါ်များမှသာ ဒေသဖွံ့ဖြိုးတိုးတက်မှာဖြစ်

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က မတူပီမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက ဖြည့်ဆည်းပေးနိုင်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်ရေး၊ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးမှု ခိုင်မာရေး၊ ဒေသအတွင်း စားနပ်ရိက္ခာဖူလုံပြီး စီးပွားရေးတိုးတက်ခိုင်မာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး အသင်းအဖွဲ့များနှင့် မြို့နယ်ဖွံ့ဖြိုးရေးအတွက် လက်ဆောင်ပစ္စည်းများ၊ ထောက်ပံ့ငွေများကို တာဝန်ရှိသူများသို့ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

## အလှူငွေပေးအပ်

ထို့နောက် မတူပီမြို့နယ် ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဆရာဝန် ဒေါက်တာရှိအုပ်နှင့် သူနာပြုဆရာမများအား တွေ့ဆုံမှာကြား၍ ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မင်းတပ်မြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ခုတင်(၅၀)ဆံ့ မင်းတပ်ခရိုင်ဆေးရုံသို့ သွားရောက်၍ လူနာများနှင့် ဓာတ်မှန်ဆောင်၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

## ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်

ထို့နောက် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညီညီမင်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မင်းတပ်မြို့ ဖွံ့ဖြိုးတိုးတက်လာမှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မင်းတပ်ခရိုင်နှင့် မင်းတပ်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်တို့က ခရိုင်နှင့် မြို့နယ်၏အခြေအနေများ၊ ဖွံ့ဖြိုးတိုးတက်မှုများ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

## အားထုတ်လုပ်ကိုင်

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က မင်းတပ်မြို့၌ အော်တိုအိတ်ချိန်းတပ်ဆင်နိုင်ရေး၊ မြို့သောက်သုံးရေတိုးမြှင့်ရရှိရေး၊ ရေအားလျှပ်စစ်ဓာတ်အား တိုးတက်ထုတ်ယူနိုင်ရေးကိစ္စများကို သက်ဆိုင်ရာ ဌာနအကြီးအကဲများနှင့် ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး ချင်းပြည်နယ်အတွင်း လှည့်လည်သွားရောက်၍ မြို့နယ်အလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်နယ်သားများက ညီညီညွတ်ညွတ် အားထုတ်လုပ်ကိုင်ရန်အရေးကြီးမှု၊ မိမိနယ်မြေ၊ မိမိဒေသအတွက်သာမက ပြည်ထောင်စုကြီးခိုင်မာရေး၊ တိုးတက်ဖွံ့ဖြိုးရေးအတွက်ပါ အလေးထားဂရုပြုရန် လိုအပ်မှုတို့ကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့နယ်၏ အသင်းအဖွဲ့များအတွက် လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား မြို့မိမြို့ဖများက ရိုးရာလက်ဆောင်ပစ္စည်းများကို ဂါရဝပြု ပေးအပ်ကြသည်။

## ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ရဟတ်ယာဉ်များဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

## တွေ့ဆုံအားပေး

ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များသို့ လှည့်လည်သွားရောက် ကြည့်ရှုစစ်ဆေးစဉ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ နယ်စွန်နယ်ဖျားဒေသများ၌ နေထိုင်ကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေးရန် မိမိခေါင်းဆောင်သည့်အဖွဲ့ ချင်းပြည်နယ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ချင်းပြည်နယ်သည် မိမိတို့ ပြည်ထောင်စုကြီးအတွင်းမှ ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ရှေးဘိုးဘွားဘီဘင်လက်ထက်ကတည်းကပင် ချင်းတိုင်းရင်းသားများသည် ကျန်ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် စုစည်းညီညွတ်စွာ ချစ်ချစ်ခင်ခင် နေထိုင်ခဲ့ကြသည့် တိုင်းရင်းသားများဖြစ်ကြကြောင်း။

## လက်တွဲတိုက်ပွဲဝင်

နိုင်ငံတော်ကို ကိုလိုနီကျွန်ဘဝအောက်သို့ သိမ်းပိုက်ခံရစဉ်ကလည်း ချင်းတိုင်းရင်းသားများသည် ကိုလိုနီနယ်ချဲ့အား ရရာလက်နက် စွဲကိုင်ပြီး နည်းမျိုးစုံဖြင့် ခုခံတွန်းလှန်တိုက်ခိုက်ခဲ့ကြသည့် နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းအစဉ်အလာရှိသူများဖြစ်ကြကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်၌လည်း လွတ်လပ်ရေးအတွက် အခြားတိုင်းရင်းသားညီအစ်ကိုများနှင့်အတူ လက်တွဲရန်းကန် တိုက်ပွဲဝင်ခဲ့ကြကြောင်း။

လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုကြီးအနှံ့၌ လက်နက်ကိုင်သောင်းကျန်းမှုများဖြစ်ပေါ်နေချိန်တွင် ဤနယ်မြေဒေသရှိ တိုင်းရင်းသားညီအစ်ကိုများသည် သောင်းကျန်းမှုမရှိသည်နှင့်အမျှ အေးချမ်းမှု၊ တည်ငြိမ်မှု၊ လုံခြုံမှု၊ တရားဥပဒေစိုးမိုးမှု၏ အရသာများကို အပြည့်အဝ ရရှိခံစားနိုင်ခဲ့ကြကြောင်း။

သို့ရာတွင် ချင်းပြည်နယ်သည် သဘာဝတောတောင်ရေမြေ ရာသီဥတု အခြေအနေများကြောင့် ဖွံ့ဖြိုးမှုတွင် နှေးကွေးနေရသည့် ပြည်နယ်တစ်ခုဖြစ်ခဲ့ပါကြောင်း။ **စာမျက်နှာ ၁၀ ကော်လံ ၁**

# ချဒ်သမ္မတရာထူးမှ ဆင်းပေးပါမှသာ အပစ်အခတ်ရပ်စဲမည်ဟု သူပုန်များပြောကြား

အင်ဂျမီနာ ဖေဖော်ဝါရီ ၇

**ချဒ်နိုင်ငံ၏မြို့တော် အင်ဂျမီနာ၌ ချဒ်သူပုန်အဖွဲ့နှင့်အစိုးရတပ်များ တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ ချဒ်သမ္မတ အိုင်းဒရစ်ဒေဘီ ရာထူးမှဆင်းပေးလျှင် အပစ်အခတ်ရပ်စဲရန် သဘောတူမည်ဖြစ်ကြောင်း ချဒ်သူပုန်များက ဖေဖော်ဝါရီ ၅ရက်က ပြောကြားသည်။**

**စွပ်စွဲ**

အဆိုပါ သူပုန်အဖွဲ့က ပြင်သစ်တို့သည် ဒေဘီ၏တပ်များကို ရဟတ်ယာဉ်များနှင့် တင့်ကားများသုံး၍ တိုက်ရိုက်ပစ်ကူပေးခဲ့ကြောင်း၊ ယင်းအတွက်ကြောင့် အရပ်သားများ သေဆုံးခဲ့ရကြောင်း ပြင်သစ်တို့အား စွပ်စွဲပြောဆိုလိုက်သည်။

**ရပ်စဲမည်**

သမ္မတ အိုင်းဒရစ်ဒေဘီရာထူးမှ ဆင်းပေးရန် နိုင်ငံတကာ ကြားဝင်ဖြန်ဖြေရေးအဖွဲ့ကအဖြေရှာဖွေနိုင်လျှင်မိမိတို့ အပစ်အခတ်ရပ်စဲမည်ဖြစ်ကြောင်း သူပုန်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဟင်ချိုင်းအော်ဂျီက ရိုက်တာသတင်းဌာနသို့ ဖုန်းဆက်ပြောကြားသည်။

မိမိတို့ တပ်ဖွဲ့ဝင်များသည် မြို့တော် အင်ဂျမီနာမှ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း၊သို့သော်လည်းဒေဘီ၏အစိုးရ အနီး၌ ရှိနေဆဲဖြစ်ကြောင်း သူပုန်ခေါင်းဆောင်များက ပြောကြားသည်။

**သေဆုံး**

ပြင်သစ် ရဟတ်ယာဉ်များနှင့် တင့်ကားများသည် ချဒ်နိုင်ငံ၌ အခြေစိုက်ချထားသဖြင့် တိုက်ပွဲအတွင်း အစိုးရဘက်မှ ဝင်တိုက်ပေးခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၄ရက်က အင်ဂျမီနာ လေဆိပ်အနီး ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အရပ်သားများ သေဆုံးသွားကြောင်း အော်ဂျီက ပြောကြားသည်။

**အမ်အင်န်အေ၊ရိုက်တာ**

**အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ် ဂျက်ဆန်တက္ကသိုလ်တွင် လေဆင်နှာမောင်းဒဏ်ခံရပြီးနောက် ကားများ၊ အဆောက်အအုံများ ပျက်စီးနေသည်ကို ဖေဖော်ဝါရီ ၇ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

**တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်**

## အာဖဂန်နယ်စပ်အနီး ပါကစ္စတန် စစ်ရဟတ်ယာဉ်ပျက်ကျ

ဝါဇီရီကစ္စတန် ဖေဖော်ဝါရီ ၇

ပါကစ္စတန်နိုင်ငံ ဝါဇီရီကစ္စတန်တောင်ပိုင်း၌ အစိုးရစစ်ရဟတ်ယာဉ်တစ်စင်း ဖေဖော်ဝါရီ ၆ ရက်က ပျက်ကျသွားခဲ့ရာ လူရှစ်ဦးအပါအဝင် ထိပ်တန်းအရာရှိတစ်ဦး သေဆုံးသွားကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။ **(အောက်ပုံ)**

ပါကစ္စတန်စစ်ဘက်မှ ဗိုလ်ချုပ် ဂျာဗက်ဆူလ်တန်လိုက်ပါလာသော အဆိုပါရဟတ်ယာဉ်သည် အာဖဂန်နစ္စတန်နယ်စပ်အနီး ဝါဇီရီကစ္စတန်ဒေသ၌ စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဗိုလ်ချုပ်ဆူလ်တန်သည် ဝါဇီရီကစ္စတန်မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ တာလီဘန်စစ်သွေးကြွများအား ချေမှုန်းတိုက်ခိုက်ရာတွင် ဦးဆောင်တိုက်ခိုက်နေသူဖြစ်သည်။

အဆိုပါရဟတ်ယာဉ်ပျက်ကျရာတွင် ဗိုလ်မှူးချုပ်နှစ်ဦးလည်း သေဆုံးသွားခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

## တရုတ်ပြည်သူတို့ နှင်းမုန်တိုင်းဒဏ်ခံရစဉ် ရက်သတ္တပတ်ကြာ နှစ်သစ်ကူးပွဲ စတင်

ပေကျင်း ဖေဖော်ဝါရီ ၇

နှင်းမုန်တိုင်းဒဏ်အလူးအလဲခံရင်း ရက်သတ္တပတ်ကြာ နှစ်သစ်ကူးပွဲတော်စတင်နေစဉ် တရုတ်အာဏာပိုင်များအနေဖြင့် သန်းပေါင်းများစွာသော ပြည်သူတို့အတွက် လျှပ်စစ်ဓာတ်အားနှင့် ရေဖြန့်ပေးရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။

**ပြုပြင်ပေး**

၁၂ရက်တိုင် လျှပ်စစ်မီးမရကြသည့် ပြည်သူလေးသန်းကျော်နေထိုင်ရာ ကျိုစီးတီးတွင် လျှပ်စစ်ပညာရှင်များ၊ တပ်ဖွဲ့ဝင်များ စုစုပေါင်း ၃၀၀၀ကျော်တို့က ဓာတ်အားလိုင်းများကို ပြုပြင်ပေးလျက်ရှိသည်။

ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံး နှင်းမုန်တိုင်းကြောင့် တရုတ်ပြည်အလယ်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်များမှ ကျယ်ပြောသည့်ဒေသတစ်ခွင်တစ်ပြင်တွင် ဝရုန်းသုန်းကားဖြစ်ကုန်သည်။

နှစ်သစ်ကူးပွဲတော်ဆင်နွှဲရန် အိမ်ပြန်နိုင်ရေးလုံးပန်းနေစဉ် သန်းပေါင်းများစွာသော ပြည်သူတို့ ခရီးထွက်သည့်ရာသီတွင်မှ နှင်းမုန်တိုင်းကျရောက်ခြင်းဖြစ်၍ ယင်းသို့ ဆိုးရွားရခြင်းဖြစ်သည်။ **(အင်တာနက်)**

## ဘာနာဇီယာဘူတို၏ နိုင်ငံရေး သေတမ်းစာ ပါကစ္စတန်ပြည်သူ့ပါတီက အပြည့်အစုံထုတ်ပြန်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၇

ပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ)က ကွယ်လွန်သူ ပါတီခေါင်းဆောင်ဟောင်း ဘာနာဇီယာဘူတို၏ နိုင်ငံရေး သေတမ်းစာကို ထုတ်ပြန်ကြေညာလိုက်သည်။

**သေတမ်းစာ**

ဘာနာဇီယာဘူတိုသည် ခင်ပွန်း အာဆစ်ဇာဒါရီအား ပီပီပီ ပါတီခေါင်းဆောင်ခန့်ရန် သေတမ်းစာတွင်ရေးသားခဲ့သည်။လုပ်ကြံမခံရမီ ရက်သတ္တ၁၂ပတ်က ရေးသားခဲ့သည့် သူ့သေတမ်းစာကို လုပ်ကြံခံရပြီးမကြာမီမှာပင် ပီပီပီ ပါတီက ဆိုလိုရင်းကို အကျဉ်းမျှကြေညာပြီးဖြစ်သည်။ သို့သော် ဆိုလိုရင်းအပြည့်အစုံကို မသိဘဲ မှန်းဆကောလာဟလ လွင့်ခြင်းဖြင့် ပါတီတွင်း ညီညွတ်မှုကို ရန်သူက ဖြိုခွင်းရန် လုပ်လာမည့် အန္တရာယ်ကို ကာကွယ်ရန် အပြည့်အစုံ ထုတ်ပြန်ခြင်းဖြစ်ကြောင်း ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ရာရီရာခန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ ၂၀၀၇ခု အောက်တိုဘာ ၁၆ရက်တွင် တစ်မျက်နှာရှိသော သေတမ်းစာကို ဘာနာဇီယာဘူတိုက သူမ၏လက်ရေးဖြင့်ရေးသားခဲ့သည်။ ပါတီတွင်အမြဲတမ်းခေါင်းဆောင် ရွေးချယ်ခန့်အပ်ပြီးသည်အထိ သူ့ခင်ပွန်းကို ယာယီခေါင်းဆောင်အဖြစ်ခန့်အပ်ရန် တိုက်တွန်းထားခြင်းဖြစ်သည်။ **(အင်တာနက်)**

## သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

### အန္တရာယ်ရှိသောပစ္စည်း ကလေးငယ်ကို ပေးထားခဲ့ပါလျှင် . . .

ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း မိုရီဂန်မြို့တွင် ဖေဖော်ဝါရီ ၆ရက်က နှစ်နှစ်အရွယ် ကလေးငယ်နှင့် မိခင်တစ်ဦးတို့ မီးလောင်ခံခဲ့ရကြောင်း မိုရီဂန်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဆော့ကစားရန်**

ဖြစ်ပွားပုံမှာ အသက်၃၉နှစ် အရွယ်ရှိ ကာမီခန်အမည်ရှိ အမျိုးသမီးတစ်ဦးသည် နှစ်နှစ်အရွယ်သမီးငယ်ကို အနား၌ထားကာ ထမင်းချက်နေစဉ် ကလေးငယ်ဆော့ကစားရန် ဓာတ်ငွေ့မီးခြစ်ကို မိခင်ဖြစ်သူက ပေးထားသည်။

**ဆင်ခြင်စရာ**

ကလေးငယ်က လက်ထဲတွင် ကိုင်ထားသော ဓာတ်ငွေ့မီးခြစ်ကို မီးဖိုအတွင်းပစ်ထည့်လိုက်ရာမှ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် မိခင်ရော ကလေးငယ်ပါ မီးလောင်ခံခဲ့ရပြီး ဆေးရုံတင်ပို့ကုသခဲ့ရသည်။ ထို့ကြောင့် အန္တရာယ်ရှိသောပစ္စည်းများကို ကလေးငယ်များအား အလွယ်တကူ ပေးထားမိလျှင် အန္တရာယ်ရှိနိုင်သည်မှာ သတိပြု ဆင်ခြင်စရာ ပင် . . .။

**မောင်မောင်မြင့်ဆွေ**

## နိုင်ငံတကာမှခင်းဖြစ်ရပ်

**ချစ်စိုးနိုင်**
ကိုးကားရေးဖွဲ့ သည်

### ကွေကွင်းနောက်ဆုံးရှိချေပြီ



ကယ်လ်ဂါရီမြို့သည် ကနေဒါနိုင်ငံ တောင်အယ်လ်ဘာတာပြည်နယ်တွင် တည်ရှိသော လူဦးရေ ရှစ်သိန်းကျော်နေထိုင်သည့် အတန်အသင့်စည်ကားသည့် မြို့ဖြစ်ပြီး အေးချမ်းသာယာသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကူးသန်းရောင်းဝယ်ရေး အသင့်အတင့်ဖြစ်ထွန်းသည်။

**စွန့်စားသွားရောက်**

ကယ်လ်ဂါရီမြို့တွင် ဖိလစ်ပိုင်နိုင်ငံမှ အသက်၄၁နှစ်အရွယ်ရှိ အာစီလီ ဆွမ်ဘရစ်တိုဒီလာအိုအာဂန်**(အပေါ်ပုံ)**ဆိုသူ အမျိုးသမီး လာရောက်အလုပ်လုပ်ကိုင်လေသည်။ လာအိုအာဂန်သည် ငယ်စဉ်ကပင် အလယ်အလတ်မိသားစုမှမွေးဖွားပြီး ဘဝကို အောက်ခြေမှစခဲ့ရသဖြင့် အောက်သက်ကျေသည်။ လွန်ခဲ့သော ၁၈နှစ်ဖြစ်သည့် သူ့အသက် ၂၃နှစ်အရွယ်တွင် သူ့ထက် ၁၁နှစ်ခန့်ကြီးသော ကုမ္ပဏီတစ်ခုမှမန်နေဂျာတစ်ဦးနှင့် အိမ်ထောင်ကျခဲ့သည်။ သူတို့အိမ်ထောင်သက်တမ်း၁၅နှစ်အတွင်း သားငါးဦးထွန်းကားခဲ့သည်။ သူ၏ခင်ပွန်းဝင်ငွေဖြင့် သူတို့မိသားစု ချောင်ချောင်လည်လည် စားနိုင်သောက်နိုင်သော်လည်း သားငါးဦးအတွက် ရည်မှန်းချက်ကြီးမားသော လာအိုအာဂန်သည် ပြည်ပသို့ စွန့်စားသွားရောက်ပြီး အလုပ်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့သည်။

**အေးအတူပူအမျှ**

သူ၏ဆုံးဖြတ်ချက်ကို သူ၏ခင်ပွန်းအားဖွင့်ဟတိုင်ပင်သောအခါ သူ့အား ချစ်မြတ်နိုးပြီး စိတ်မချသူ ခင်ပွန်းက သူသွားရောက်အလုပ်လုပ်လိုသည့် ကနေဒါ နိုင်ငံသို့ မသွားရန်ဖျောင်းဖျခဲ့သည်။ သူနှင့်အတူ ဖိလစ်ပိုင်တွင်သာ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် နေထိုင်ရန်တားမြစ်ခဲ့သော်လည်း လိမ္မာရေးခြားရှိသောသားများ၏ ရှေ့ရေးအတွက် စီးပွားရှာလိုသော ဇနီး လာအိုအာဂန်၏ ဆန္ဒကို ခင်ပွန်းဖြစ်သူအနေဖြင့် လိုက်လျောခဲ့ရသည်။

လာအိုအာဂန်သည် လွန်ခဲ့သော ၂၀၀၆ခုနှစ်က ကနေဒါနိုင်ငံသို့ရောက်ရှိပြီး ကယ်လ်ဂါရီမြို့ရှိ ကုန်တိုက်တစ်ခုတွင် အလုပ်ရရှိခဲ့ကာ မေကိုဂါဆီဆိုသူ အမျိုးသမီးနှင့်အတူနေထိုင်ခဲ့သည်။ သူ၏ရည်မှန်းချက်မှာ ကနေဒါနိုင်ငံတွင် အလုပ်လုပ်ရင်း ငွေကြေးစုဆောင်းကာ ဖိလစ်ပိုင်နိုင်ငံမှ ခင်ပွန်းနှင့်သားငါးယောက်ကိုခေါ်ယူပြီး ကနေဒါတွင် အပြီးအပိုင်အခြေချရန်ဖြစ်သည်။ လာအိုအာဂန်သည် သူ၏မိသားစုများကို အမြန်ဆုံးခေါ်ယူနိုင်ရန် အလုပ်ကိုအစွမ်းကုန် ကြိုးစားလုပ်ကိုင်ကာ ငွေကြေးစုဆောင်းခဲ့ရာ နှစ်နှစ်အတောအတွင်း ငွေကြေးအမြောက်အမြား စုဆောင်းမိခဲ့လေသည်။ သူသည် ခင်ပွန်းသည်နှင့် သားငါးယောက်အား လွမ်းဆွတ်သော်လည်း မကြာမီ မိသားစုများနှင့်အတူ နေထိုင်ရတော့မည်ဟုတွေးလျက် ဝမ်းသာပီတိဖြစ်ကာ လွမ်းစိတ်ကိုဖြေဖျောက်ခဲ့ရသည်။ လာအိုအာဂန်၏ ဆန္ဒမှာ ပြည့်ဝမသွားရှာခဲ့ပေ။ သူ၏ သာယာပြီး လှပသောအနာဂတ်ကို မမြင်နိုင်သောကံကြမ္မာဆိုးက ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးခဲ့လေသည်။

**ဖျက်ဆီးထား**

ထိုနေ့ကား ၂၀၀၈ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့ဖြစ်သည်။ ထိုနေ့ညနေမှောင်ရီပျိုးချိန်တွင် အလုပ်မှပြန်လာသော လာအိုအာဂန်သည် လူတစ်ဦး၏ တိုက်ခိုက်မှုကိုခံခဲ့ရကြောင်း သူ၏အခန်းဖော်အား ဆယ်လူလာဖုန်းမှတစ်ဆင့် ကမန်းကတမ်းခေါ်ဆိုခဲ့ကြောင်းသိရသည်။ လာအိုအာဂန်၏မျက်နှာကို ပုံဖော်၍ မရအောင် ဖျက်ဆီးထားသဖြင့် ကြိုးစားပုံဖော်ယူကြရသည်။ ယင်းမြို့ရှိ ခရီးသွားများယာယီနားခိုဆောင်အနီး အသတ်ခံရခြင်းဖြစ်သည်။ သူ့မိသားစုက သူ၏ ရုပ်ကလပ်ကို ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လည်သယ်ယူခဲ့သည်။ လာအိုအာဂန် သေဆုံးမှုနှင့်ပတ်သက်၍ အသက် ၂၁နှစ်အရွယ်ရှိ ခရစ္စတိုဖာဂျိမ်းစ်ဝက်ချက်စတန်ကို ဇန်နဝါရီ ၁၈ရက်က ဖမ်းဆီးခဲ့သည်။ ထို့အပြင်ယင်းအမှုတွင် အဓိကကျူးလွန်ခဲ့သူကို လိုက်လံရှာဖွေဖမ်းဆီးလျက်ရှိသည်။လာအိုအာဂန်၏ ခင်ပွန်းသည်နှင့်သားများအနေဖြင့် လာအိုအာဂန်အား ချစ်ခင် ပေါင်းသင်းဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိချေပြီဆိုသော စကားနှင့်အညီ သေကွဲကွဲခဲ့ရပြီဖြစ်သည်။

**ဤဖြစ်ရပ်ကိုကြည့်လျှင် လာအိုအာဂန်အနေဖြင့် မှောင်စပျိုးပြီး လူသူပြတ်လပ်ချိန်တွင် သတိလက်လွတ်သွားလာခဲ့မှုကြောင့် သူ၏လှပသောအနာဂတ်ကိုဖန်တီးခွင့်မရဘဲ သူချစ်သောခင်ပွန်း၊ သားငါးဦးတို့နှင့် ထာဝရခွဲခွာခဲ့ရသည်။ ညအမှောင်ကျချိန်တွင် မိန်းကလေးတစ်ဦးတည်းအဖော်မပါဘဲ ခရီးမသွားသင့်ကြောင်း ဤဖြစ်ရပ်ကို သင်ခန်းစာယူ သတိပြုဆင်ခြင်ဖွယ်ဖြစ်ရပ်အဖြစ် တင်ပြလိုက်ရပေသည်။ ။**

**သားငါးယောက်အတွက် ရည်မှန်းချက်ကြီးမားသော လာအိုအာဂန်သည် ပြည်ပသို့ စွန့်စားသွားရောက်ပြီး အလုပ်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့**

# ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၇-၂-၂၀၀၈

## ကမ္ဘာ့ငွေကြေးဈေးကွက်၌ ဒေါ်လာငွေကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာငွေများတန်ဖိုး ကျဆင်းလျက်ရှိကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

ဂျပန်ငွေနှင့် လဲလှယ်ရာတွင် အမေရိကန်တစ်ဒေါ်လာသည် ဂျပန်ငွေ ၁၀၆ ယန်းအထိကျဆင်းခဲ့သည်။ ထို့အတူ ယူရိုနှင့် နှိုင်းယှဉ်ရာတွင် တစ်ယူရိုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆၂၉ အထိ ကျဆင်းခဲ့သည်။

## ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိရာ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၁၄ ဒေါ်လာအထိရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်) အရာရှိများက ပြောကြားသည်။

ရေနံဈေးနှုန်းသည် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၆ ဒေါ်လာအောက် ဆက်လက်ကျဆင်းမည်ဟု အိုပက်အရာရှိများက ဆက်လက်ပြောကြားသည်။

## ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားနေ

**ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ဘာဂါဟက်ခရိုင် မိုရီဂန်ကျေးရွာရှိ ကြက်မွေးမြူရေးခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် ကြက်ကောင်ရေ ၃၀၆၆ကောင်ကို သုတ်သင်ရှင်းလင်းခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။**

**ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသော နေရာအနီးဝန်းကျင်မှ ကြက်၊ ဘဲများနှင့် ဥများသယ်ဆောင်ခွင့်ပြုမည် မဟုတ်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။**

## အီရန်တို့ သုံးနှစ်အတွင်း နျူလက်နက်ပိုင်မည်ဟု အစ္စရေး၏ အစီရင်ခံစာ ဖော်ပြပြောကြား

အီရန်နိုင်ငံသည် လာမည့် သုံးနှစ်အတွင်း နျူကလီးယားလက်နက်များထုတ်ပြနိုင်တော့မည်ဖြစ်ကြောင်း အစ္စရေးထောက်လှမ်းရေးအဖွဲ့၏အစီရင်ခံ၌ ဖော်ပြထားသည်။

အီရန်သည် နျူကလီးယားလက်နက်များ ပိုင်ဆိုင်အောင် ကြိုးစားလျက်ရှိပြီး နိုင်ငံတကာနှင့် အလျော့အတင်းဆက်ဆံရေးမျိုး ကျင့်သုံးကာ နျူကလီးယားလက်နက်ပိုင်ဆိုင်ရေးကို လုပ်ကိုင်လျက်ရှိကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြသည်။

## ဆီးနှင်းဒဏ်ခံရသည့် ဒေသများသို့ တရုတ်နိုင်ငံသားများ ငွေလှူဒါန်း

တရုတ်နိုင်ငံ၌ ဆီးနှင်းကျဆင်းနေမှုဒဏ် ခံစားနေရသော ဒေသများမှ ပြည်သူများအတွက် တရုတ်နိုင်ငံသားများက အလှူငွေ အမေရိကန် ၁၄၃ သန်း လှူဒါန်းမှုကို လက်ခံရရှိကြောင်း တရုတ်နိုင်ငံ မြို့ပြဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံအတွင်းမှ တိုင်းရင်းသားများအနေဖြင့် ငွေကြေးအပြင် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ပေးပို့လှူဒါန်းခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

## ဒုံးပျံကာကွယ်ရေးအစီအစဉ် ရုရှားကိုမခြိမ်းခြောက်

**ဥရောပဒုံးကျည်ကာကွယ်ရေး အစီအစဉ်သည် ရုရှားနိုင်ငံကို မည်သို့မျှ ခြိမ်းခြောက်မည်မဟုတ်ကြောင်း ပိုလန်နိုင်ငံက ပြောကြားလိုက်သည်။**

**ပိုလန်နိုင်ငံတွင် ဒုံးပျံကာကွယ်ရေးစနစ်တစ်ရပ်အမေရိကန်တို့က ဖြန့်ချထားမှုအပေါ် စိုးရိမ်ပူပန်မှုမရှိရန်နှင့် အိမ်နီးချင်းနိုင်ငံများကို မည်သည့်ခြိမ်းခြောက်မှုမျှပြုလုပ်မည်မဟုတ်ကြောင်း ပိုလန်အရာရှိများက ပြောကြားသည်။**

## အစ္စရေးတောင်ပိုင်းသို့ ဟားမတ်စ်တို့ ဒုံးကျည်ဖြင့်ပစ်ခတ်

အစ္စရေးနိုင်ငံအတွင်းသို့ ပါလက်စတိုင်း လက်နက်ကိုင်တိုက်ခိုက်ရေးအဖွဲ့ဖြစ်သည့် ဟားမတ်စ်တို့က ဒုံးကျည် ၂၆စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

ထိုသို့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အစ္စရေးတောင်ပိုင်း စဒီရော့ဒ်မြို့သို့ ဒုံးကျည် ၁၄စင်း ကျရောက်ပေါက်ကွဲခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

## ဆိုမာလီအရှေ့မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ

**ဆိုမာလီနိုင်ငံ အရှေ့မြောက်ပိုင်း ဘော့စ်ဆာဆိုမြို့တွင် ဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ၂၀ သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ဆိုမာလီရဲတပ်ဖွဲ့က ပြောကြားသည်။**

**ဗုံးပေါက်ကွဲမှုများမှာ မည့်သည့်အဖွဲ့လက်ချက်ဟု တရားဝင်သတင်းထုတ်ပြန်မှု မရှိသေးကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဆိုမာလီရဲတပ်ဖွဲ့က ပြောကြားသည်။**

# ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

✦ **အီကွေဒေါနိုင်ငံ တွန် ဂါ ရာ ဟွာ မီးတောင် ဖေဖော်ဝါရီ ၆ ရက်က ပေါက်ကွဲမှု ဖြစ်ပွားရာ ချော်ရည်ပူများ စီးဆင်းထွက်မှုကြောင့် ဒေသခံ ပြည်သူ ငါးဦး သေဆုံးပြီး အများအပြားဘေးကင်းရာသို့အမြန်ရွှေ့ပြောင်းပေးရလျက်ရှိသည်။**

(ယာပုံ)



■ အင်ဒိုနီးရှားနိုင်ငံ ဘရီဘတ်စ်မြို့တွင် ဖေဖော်ဝါရီ ၆ရက်က မြေပြိုမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး နေအိမ်လေးလုံး ပျက်စီးခဲ့သည်။

✦ **ပီရူးနိုင်ငံ ပါဒရီအဘတ်ပြည်နယ်၌ ဖေဖော်ဝါရီ ၆ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းခဲ့မှုကြောင့် ၁၃ဦးသေဆုံးပြီး ၂၄ဦးဒဏ်ရာရရှိကာ ဒေသခံ ၄၅၀၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့နေရသည်။**

■ ခရိုအေးရှားနိုင်ငံ အထရီရာတစ်မြို့ ကမ်းလွန်တွင် ဖေဖော်ဝါရီ ၆ရက်က တူရကီကုန်တင်သင်္ဘောတစ်စင်း မီးလောင်နစ်မြုပ်ခဲ့ရာ သင်္ဘောသားများကို ကယ်ဆယ်နိုင်ခဲ့သည်။

✦ **အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အရှေ့မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၆ ရက်က အထည်စက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားရာ ၅၆ဦး ဒဏ်ရာရရှိပြီး စက်ရုံလည်း ပျက်စီးခဲ့သည်။**

■ ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တွင် ဖေဖော်ဝါရီ ၆ရက်က ဘတ်စ်ကားနှစ်စီးတိုက်မိခဲ့ရာ ခရီးသည် ၁၀ဦး ပွဲချင်းပြီးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိခဲ့သည်။

✦ **ဘူလ်ဂေးရီးယားနိုင်ငံ မြို့တော်ဆိုဖီယာမြို့၌ ဖေဖော်ဝါရီ၆ ရက်က လေးထပ် လူနေအဆောက်အအုံတစ်ခုပြိုကျခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိခဲ့သည်။**

✦ အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ကမ်းလွန်၌ ဖေဖော်ဝါရီ၇ရက်က အင်အား ရစ်ချ်တာစကေး ၆ရှိ မြေငလျင်လှုပ်ခဲ့သည်။

# ဘဝအမောပြေ

**မေးခွန်းအားလုံးနီးပါးကို မှန်ကန်စွာ ဖြေဆိုနိုင်သည့် စူပါကွန်ပျူတာကို ယုံကြည်မှုမရှိသူ လူငယ်တစ်ဦးက ဤသို့ မေးမြန်းလေသည်။**

**လူငယ် – ကျွန်တော့်အဖေဘယ်မှာရှိမလဲ။**
**ကွန်ပျူတာ – အိမ်မှာ။**
**လူငယ် – မှားတယ်၊ ကျွန်တော့်အဖေသေတာ သုံးနှစ်တောင်ရှိပြီ။**
**ကွန်ပျူတာ – မမှားဘူး၊ အိမ်မှာရှိတယ်။**
**လူငယ် – မှားနေပြီနော်။**
**ကွန်ပျူတာ – ငါမမှားဘူး၊ မင်းအိမ်အပြင်ထွက်တာနဲ့ သူရောက်ရောက်လာတာ ငါသိတာ ကြာနေပြီ။**

# ဘဝ ဒဿန အမြင်

❒ ***We know what we are, but not what we may be.***

***ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ ဘာဆိုသည်ကိုသိကြသော်လည်း ဘာဖြစ်မည်ကို မသိကြပေ။***

ဝီလျံရှိတ်စပီးယား(ပြဇာတ်ရေးဆရာနှင့်ကဗျာဆရာ)

❒ ***All men by nature desire knowledge.***

***လူတိုင်း ဗဟုသုတကို လိုလားခြင်းသည် သဘာဝနိယာမ တရားပင်ဖြစ်သည်။***

အရစ္စတိုတယ်လ်(ဂရိအတွေးအခေါ်ပညာရှင်)

# နိုင်ငံခြားသတင်း ဘာသာပြန်ဆိုရာတွင်....

**အမ်အမ်အေ**

**ဆေးလိပ်သောက်သူများ ဆင်ခြင်ဖွယ်သတင်းတစ်ပုဒ်ကို ဘာသာပြန်ဆိုပြပါမည်။ တူရကီနိုင်ငံ အန်ကာရာမြို့မှလာသည့် အင်တာနက်သတင်းတစ်ပုဒ်ဖြစ်ပြီး ခေါင်းစဉ်နှင့် ပထမစာပိုဒ်မှာ အောက်ပါအတိုင်းဖြစ်သည်–**

## Smoking kills 100,000 people every year in Turkey

**ANKARA, 5 Feb-**

**Turkish Temperance Association estimated on Tuesday that nearly 100,000 Turkish people die of diseases caused by smoking cigarettes and other forms of tobacco every year, the semi-official *Anatolia* news agency reported. Turkey is ranked the fourth in the world in tobacco consumption, the association chairman Ahmet Sirri Arvas said, calling on Turkish people to quit smoking on the occasion of "Quit Smoking Day" on 9 Feb.**

သတင်းခေါင်းစဉ်ကို **"တူရကီနိုင်ငံတွင် ဆေးလိပ်သောက်သဖြင့် နှစ်စဉ်လူတစ်သိန်းသေဆုံး"**ဟု ပြန်ဆိုနိုင်ပါသည်။

**ပထမစာပိုဒ်ပြန်ဆိုချက်။** ။တူရကီနိုင်ငံ အရက်သေစာ ရှောင်ကြဉ်ရေးအသင်းက အင်္ဂါနေ့က ခန့်မှန်းဖော်ပြရာတွင် စီးကရက်သောက်သုံးခြင်းနှင့် ဆေးရွက်ကြီးသုံးစွဲခြင်းတို့ကြောင့် တူရကီနိုင်ငံတွင် နှစ်စဉ်လူတစ်သိန်းနီးပါး သေဆုံးနေသည်ဟု ဆိုသည်။ ဤအကြောင်းကို အစိုးရအာဘော်တစ်ပိုင်းဖြစ်သည့် အနာတိုလီယာသတင်းဌာနက ကြေညာသည်။ အသင်း၏ဥက္ကဋ္ဌ အာမက်ဆီရီအားဗာ့(စ်)က ဆေးရွက်ကြီးသုံးစွဲရာတွင် တူရကီသည် ကမ္ဘာတွင် စတုတ္ထအများဆုံး ဖြစ်သည်ဟုပြောဆိုကာ လာမည့် ဖေဖော်ဝါရီလ ၉ရက် ဆေးလိပ်မသောက်ရေးနေ့တွင် နိုင်ငံပြည်သူများဆေးလိပ်မသောက်ကြရန် တိုက်တွန်းမေတ္တာရပ်ခံလိုက်သည်။

**"Three out of every four people, who once try smoking, become addicted," Arvas said, reminding that smoking and alcoholic beverages cause several diseases, mostly cancer.**

**ဒုတိယစာပိုဒ်ပြန်ဆိုချက်။** ။အသင်းဥက္ကဋ္ဌက ဆေးလိပ်သောက်စွဲကြည့်သူ လေးယောက်တွင် သုံးယောက်တို့သည် စွဲသွားတတ်ကြောင်းနှင့် ဆေးလိပ်သောက်ခြင်းနှင့် အရက်သောက်ခြင်းတို့ကြောင့် ရောဂါအချို့ ဖြစ်ပွားတတ်ရာ ကင်ဆာဖြစ်ပွားမှုမှာ အများဆုံးဖြစ်သည်ဟု သတိပေးလိုက်သည်။

**According to Arvas, Turkish people spend almost 20 billion US dollars on smoking and this amount of money would significantly help heal most of the patients in the country. - *Internet***

**တတိယစာပိုဒ်ပြန်ဆိုချက်။** ။တူရကီလူထုသည် ဆေးလိပ်သောက်ရန် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ခန့် သုံးစွဲလျက်ရှိရာ ယင်းငွေကို ချွေတာကာ အခြားလူနာများအတွက် သုံးစွဲနိုင်မည်ဆိုပါက ထူးခြားစွာ အထောက်အကူပြုနိုင်မည်ဟု အသင်းဥက္ကဋ္ဌက ပြောသည်။

**သုံးသပ်ချက်**

ခေါင်းစဉ်ပါကြိယာ **kills**ကို သာမန်အားဖြင့် သတ်သည်၊ သေစေသည်ဟု ဖွင့်ဆိုနိုင်ပါသည်။ ယခုသတင်းတွင်မူ **"သေဆုံး"**ဟုသာ ပြန်ဆိုမှ သင့်ပါသည်။ ပထမပိုဒ်မှ **ranked** ကို အဆင့်၊ နေရာရရှိသည်ဟူသော အဓိပ္ပာယ်ဖြင့် ကောင်းသည့်ဘက်တွင် သုံးလေ့ရှိသည်။ ယခုသတင်းတွင်မူ မကောင်းသည့် အဆင့်ကို ယူခြင်းဖြစ်၍ သာမန်**"စတုတ္ထအများဆုံးဖြစ်သည်"**ဟု ပြန်ဆိုဖော်ပြလိုက်ရပါသည်။ ။

# အကြိုရွေးကောက်ပွဲ ဂျွန်မက်ကိန်း ရှေ့မှဦးဆောင် ဟီလာရီနှင့် အိုဘားမား အကြိတ်အနယ်ဖြစ်နေ

နယူးယောက် ဖေဖော်ဝါရီ ၇

**ဖေဖော်ဝါရီ ၅ရက် စူပါအင်္ဂါနေ့က အမေရိကန်သမ္မတလောင်း အကြိုရွေးချယ်ပွဲများကို ပြည်နယ် ၂၄ပြည်နယ်၌ တစ်ပြိုင်တည်းကျင်းပရာတွင် ဒီမိုကရက်တစ်သမ္မတလောင်းများအတွက်သာ ယှဉ်ပြိုင်သည့် ပြည်နယ်သုံးခု၊ ရီပတ်ဘလီကင်သမ္မတလောင်းများသာ ယှဉ်ပြိုင်ရသည့် ပြည်နယ်နှစ်ခုနှင့် ပါတီနှစ်ရပ်စလုံးမှ သမ္မတလောင်းများ ပါဝင်ယှဉ်ပြိုင်ရသည့် ပြည်နယ် ၁၉ခု စုစုပေါင်းမှာ ၂၄ပြည်နယ် ဖြစ်သည်။**

ရီပတ်ဘလီကင်သမ္မတလောင်း ယှဉ်ပြိုင်ရာ၌ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် ပြည်နယ်ကြီး သုံးလေးခုတွင် အနိုင်မရကာ ယှဉ်ပြိုင်ဘက်များ မယှဉ်သာအောင် ထိပ်မှ ဦးဆောင်နေသူ ဖြစ်ကြောင်း သိရသည်။

## အောင်ပွဲရ

ဒီမိုကရက်တစ်သမ္မတလောင်း ယှဉ်ပြိုင်ရာတွင် နယူးယောက်နှင့် ကယ်လီဖိုးနီးယားပြည်နယ်၌ အနိုင်ရသော ဟီလာရီကလင်တန်သည် စူပါအင်္ဂါနေ့တွင် အကြီးဆုံးအောင်မြင်မှုရလိုက်သည်ဟု အမေရိကန်မီဒီယာများက ဖော်ပြသည်။ သို့သော် ပြိုင်ဘက်အိုဘားမားမှာလည်း အောင်ပွဲအလီလီရသည်ဟု ဆိုသည်။

## အရေးပါဆုံးနေ့

ထိုအတောအတွင်း ရီပတ်ဘလီကင်ပါတီမှ ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း မိုက်ဟတ်ကာဘီးမှာလည်း ပြည်နယ်ငါးခုတွင် နိုင်ခြေရှိကာ မျှော်မှန်းထားသည်ထက် ပိုမိုအခြေအနေကောင်းနေသည်။

ဖေဖော်ဝါရီ ၅ရက် စူပါအင်္ဂါနေ့သည် အမေရိကန်သမ္မတလောင်း ရွေးချယ်ရေးအတွက် ထူးခြားသည့်အရေးပါဆုံးနေ့ ဖြစ်သည်။ ဤနေ့တွင်ပင် ဒီမိုကရက်တစ် ပါတီညီလာခံနှင့် ရီပတ်ဘလီကင်ပါတီညီလာခံနှစ်ရပ်အတွက် စေလွှတ်မည့် ကိုယ်စားလှယ်စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းခန့်ကို ရွေးချယ်ပေးခြင်း ဖြစ်သည်။

## ထိပ်ဆုံးမှအပြတ်ပြေး

ရီပတ်ဘလီကင်ကိုယ်စားလှယ်လောင်းများတွင် ထိပ်ဆုံးမှ အပြတ်ပြေးနေသူ မက်ကိန်းသည် နယူးယောက်၊ နယူးဂျာဆီ၊ ဟတ်ဆူရီ၊ ကွန်နက်တီကပ်၊ ဒီလာဝဲယားနှင့် ၎င်း၏ပြည်နယ် အရီဇိုးနားတို့တွင် အနိုင်ရရန် သေချာသည်။ နယူးယောက်ပြည်နယ် တစ်ခုတည်းပင် ရီပတ်ဘလီကင်ပါတီညီလာခံသို့ ကိုယ်စားလှယ် ၈၇ဦး စေလွှတ်ရမည့် ပြည်နယ်ဖြစ်သည်။ အခြားပြည်နယ်များ ပေါင်းသည့်တိုင်အောင် စုစုပေါင်း ကိုယ်စားလှယ် ၂၀၅ဦးကိုသာ ပါတီညီလာခံသို့ တက်ရမည် ဖြစ်သည်။

## မဲဆွယ်စည်းရုံး

ဒီမိုကရက်တစ်ကိုယ်စားလှယ်လောင်း ဟီလာရီကလင်တန်မှာလည်း အကြီးဆုံးပြည်နယ်နှစ်ခုဖြစ်သည့် ကယ်လီဖိုးနီးယားနှင့် နယူးယောက်ပြည်နယ်အပါအဝင် ရှစ်ပြည်နယ်မှ ကိုယ်စားလှယ် ၅၈၂ဦးရရှိသည်။ သို့သော် အိုဘားမားကလည်း ပြည်နယ်အများကို အနိုင်ရခဲ့ရာ ပြည်နယ် ၁၃ပြည်နယ်မှ ကိုယ်စားလှယ် ၅၆၂ဦး ရရှိသည်။ ဤစူပါအင်္ဂါနေ့ တစ်နေ့တည်းဖြင့် တစ်ဦးကိုတစ်ဦး မဖြတ်နိုင်ဘဲ ဆက်လက်၍ အကြိတ်အနယ် မဲဆွယ်စည်းရုံးရမည့် အခြေရှိသည်။

**(အင်တာနက်)**

**နယူးယောက်နှင့် ကယ်လီဖိုးနီးယားပြည်နယ်၌ အနိုင်ရသော ဟီလာရီကလင်တန်။**
(အင်တာနက်ဓာတ်ပုံ)

# ကုလသမဂ္ဂ ဝန်ထမ်းများအားလုံး လုံခြုံရေးအခြေအနေကြောင့် ချဒ်နိုင်ငံမှထွက်ခွာ

ဂျီနီဗာ ဖေဖော်ဝါရီ ၇

**ချဒ်နိုင်ငံ၌ဖြစ်ပွားနေသော ပဋိပက္ခများအကြား လုံခြုံရေး အကြောင်းပြချက်ဖြင့် ကုလသမဂ္ဂက ၎င်း၏ ဝန်ထမ်းအများစုကို ယင်းနိုင်ငံမှ ပြန်ခေါ်လိုက်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၅ရက်က ပြောကြားသည်။**

## ရွှေ့ပြောင်း

မိမိတို့သည် ချဒ်နိုင်ငံ၌ ကုလသမဂ္ဂဝန်ထမ်းများအား လုံခြုံရေး အာမခံချက် ရေရှည်မပေးနိုင်ကြောင်း၊ ပြင်သစ်အစိုးရ၏ အကူအညီနှင့် အိမ်နီးချင်း နိုင်ငံများဖြစ်သည့် ကင်မရွန်းနှင့် ဂါဘွန်သို့ ဝန်ထမ်းအများစု ရွှေ့ပြောင်းပြီးဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အာဖရိက ခရီးစဉ်မှအပြန် ပြောကြားသည်။

ချဒ်နိုင်ငံ၌ ကုလသမဂ္ဂငြိမ်းချမ်းရေးမစ်ရှင်မှ အနည်းငယ်နှင့် ကုလသမဂ္ဂ အေဂျင်စီအချို့သာ ရှိတော့ကြောင်း ၎င်းကမှတ်ချက်ပြု ပြောကြားသည်။

## ပူးပေါင်း

မိမိတို့သည် လိုအပ်လာလျှင် ပြင်သစ်အစိုးရနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် အစီအမံများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ချဒ်နိုင်ငံ၏ မြို့တော်အင်ဂျာမီနာ၌ လုံခြုံရေးအခြေအနေ ပျက်စီးယိုယွင်းနေပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် ရင်ဆိုင်နေရသော အကျပ်အတည်းကို ဝိုင်းဝန်းကူညီဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ဘန်က ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အာဖဂန်နစ္စတန်တောင်ပိုင်း ဗုံးခွဲတိုက်ခိုက်ကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

**ကဘူးလ် ဖေဖော်ဝါရီ ၇**

အာဖဂန်နစ္စတန်တောင်ပိုင်း ဟဲလ်မန့်ပြည်နယ်၌ ဖေဖော်ဝါရီ ၅ရက်က အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များ စီးနင်းလာသော မော်တော်ယာဉ်တစ်စီးကို တာလီဘန်လက်နက်ကိုင်များက ဗုံးခွဲတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ **(အောက်ပုံ)**

## ဗုံးခွဲတိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့် ပြည်နယ်ရှိ ဟဲလ်မန့်မြစ်ကမ်းတစ်လျှောက်လမ်းမကြီးပေါ်တွင် ကင်းလှည့်မောင်းနှင်လာသော အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်ကို နာဟာဆာရာဂျေခရိုင် ဒက်ဘ်ကျေးရွာအနီး၌ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

## သေဆုံး

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်လက်နက်ကိုင်များ၊ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကြောင့် ၂၀၀၇ခုနှစ်က ပြည်သူအများအပြားသေဆုံးခဲ့ရသလို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များလည်း သေဆုံးခဲ့ရသည်။

**(အင်တာနက်)**



# အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၃၉၄၅ဦး ရှိသွားပြီ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၇

**အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ ဘဂ္ဂဒက်မြို့တွင်း၌ ၎င်းစီးနင်းလိုက်ပါလာသည့် မော်တော်ကားကို ဒုံးပစ်လောင်ချာ (အာရ်ပီဂျီ)ဖြင့် အပစ်ခံရပြီး သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ဖေဖော်ဝါရီ ၄ရက်တွင် ကြေညာသည်။**

## ဖြစ်ပွား

ဘဂ္ဂဒက်မြို့တော် အရှေ့ပိုင်းတွင် ဇန်နဝါရီ ၃၁ရက်က ယင်းသို့ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

## ရင်ဆိုင်နေရ

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များမှာ နေ့စဉ်နှင့်အမျှ အသက်ဘေးအန္တရာယ်ကို ရင်ဆိုင်နေရလျက်ရှိသည်။

## ဖော်ပြ

အမေရိကန်ဦးဆောင်သည့် တပ်များ အီရတ်နိုင်ငံကို ၂၀၀၃ခုနှစ်က ကျူးကျော်ဝင်ရောက်ပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ယခုအခါ စုစုပေါင်း ၃၉၄၅ဦး ရှိသွားပြီဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**တရုတ်နိုင်ငံ ဆန်တိုမြို့၌ ဖေဖော်ဝါရီ ၇ရက်က လူနာ တရုတ် နှစ်ကူးပွဲတော် ကျင်းပရာ တရုတ်နဂါးရုပ် များ ဖြင့် ဖျော်ဖြေနေကြသည့် မြင်ကွင်းကို ဤသို့ တွေ့ရသည်။**
(အင်တာနက်ဓာတ်ပုံ)

# တရုတ်နိုင်ငံတစ်ဝန်း လူနာနှစ်ကူးပွဲတော်ဆင်နွှဲ နဂါးအကများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်

**ပေကျင်း ဖေဖော်ဝါရီ ၇**

တရုတ်နိုင်ငံ၏ လူနာနှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီ၆ ရက်မှ စတင်ကျင်းပလျက်ရှိရာ တရုတ်နိုင်ငံတစ်ဝန်းမြို့ကြီးများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်နွှဲလျက်ရှိသည်။

## နှစ်သစ်ကူးမိန့်ခွန်းပြောကြား

တရုတ်နိုင်ငံ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ တရုတ်သမ္မတ ဟူကျင်တောင်အပါအဝင် ထိပ်တန်းအရာရှိများက တရုတ်နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တရုတ်သမ္မတ ဟူကျင်တောင်က နှစ်သစ်ကူးမိန့်ခွန်း ပြောကြားခဲ့သည်။

## လှည့်လည်ဖျော်ဖြေ

တရုတ်နိုင်ငံမြို့ကြီးများဖြစ်သော ပေကျင်း၊ ရှန်ဟိုင်း၊ စီချွမ်၊ ဆန်တို့အပါအဝင် မြို့ကြီးများစွာ၌ ပြည်သူများက နှစ်သစ်ကူးပွဲတော်အဖြစ် နဂါးရုပ်များကို အမျိုးမျိုးပြုလုပ်ကာ နဂါးအကများ၊ ကြက်ရုပ်အကများဖြင့် လူငယ်များက လှည့်လည်ဖျော်ဖြေကြသည်။

## စည်ကားလျက်ရှိ

အထူးဈေးရောင်းပွဲများ၊ အစားအသောက်ကျွေးမွေးလှူဒါန်းပွဲများ၊ တေးဂီတဖျော်ဖြေပွဲများ ပြုလုပ်ဆင်နွှဲကြသဖြင့် တရုတ်မြို့ကြီးများ၏ လမ်းမတိုင်းတွင် နှစ်သစ်ကူးပွဲတော်ဆင်နွှဲသူများဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

တရုတ်မြို့ကြီးများ၌ ညပိုင်းတွင် ရောင်စုံမီးပုံးများကို ဒီဇိုင်းပုံစံအမျိုးမျိုး ပြုလုပ်ကာ လှပစွာ ထွန်းညှိခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ပျော်ပွဲရွှင်ပွဲ များကျင်းပခြင်းများဖြင့် ညလုံးပေါက် ဆင်နွှဲကြသည်။

## သန်း ၆၀၀ ခန့်ရှိ

ယခုနှစ် တရုတ်နှစ်ကူးပွဲတော်၌ ပါဝင်ဆင်နွှဲသော တရုတ်နိုင်ငံသားများအရေအတွက် သန်းတစ်ထောင်ကျော်ရှိပြီး မြို့ကြီးများရှိ လမ်းမများထွက်ကာ ပျော်ပွဲရွှင်ပွဲဆင်နွှဲသူ တရုတ်နိုင်ငံသားများမှာ သန်း ၆၀၀ ခန့်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

# တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကရင်ပြည်နယ်

### ကွန်ပျူတာတက္ကသိုလ် ( ဘားအံ )

ကရင်ပြည်နယ်အတွင်း ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာ သင်ယူနိုင်ရန်အတွက် ဘားအံမြို့တွင် တည်ဆောက်ပေးထားသည့် ကွန်ပျူတာ တက္ကသိုလ်(ဘားအံ)ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

### သံလွင်တံတား ( ဘားအံ )

ကရင်ပြည်နယ်နှင့် အခြား ပြည်နယ်၊ တိုင်းများသို့ဆက်သွယ် သွားလာမှုလွယ်ကူစေရန်အတွက် သံလွင်မြစ်ကိုဖြတ်ကျော် တည် ဆောက်ပေးထားသည့် သံလွင် တံတား (ဘားအံ)၏ ခံ့ညား ထည်ဝါမှုမြင်ကွင်း။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

| စဉ် | အကြောင်းအရာ | ယူနစ် | ၁၉၈၈ | ၂၀၀၇ | တိုးတက်မှု |
|---|---|---|---|---|---|
| ၁ | စိုက်ပျိုးမြေဧရိယာ | ဧက | [illegible] | [illegible] | [illegible] |
| ၂ | ဆည်တမံ | ခု | ၆ | ၉၃ | ၈၇ |
| ၃ | [illegible] | ခု | - | ၆ | ၆ |
| ၄ | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၅ | [illegible] | [illegible] | - | [illegible] | [illegible] |
| ၆ | [illegible] | မိုင် | ၅၅၆ | ၁၁၂၈.၈ | ၅၇၂.၈ |
| ၇ | [illegible] | စင်း | ၈ | ၁၅ | ၇ |
| ၈ | [illegible] | ခု | ၂၇ | ၃၄ | ၇ |
| ၉ | [illegible] | ရုံ | ၇ | ၁၃ | ၆ |
| ၁၀ | [illegible] | ရုံ | ၆ | ၂၄ | ၁၈ |
| ၁၁ | [illegible] | ခု | ၁ | ၄ | ၃ |
| ၁၂ | [illegible] | ခု | ၇ | ၈ | ၁ |
| ၁၃ | [illegible] | ခု | [illegible] | [illegible] | [illegible] |
| ၁၄ | အခြေခံပညာကျောင်း | ကျောင်း | [illegible] | [illegible] | [illegible] |
| ၁၅ | [illegible] | ခု | ၁ | ၂ | ၁ |
| ၁၆ | [illegible] | ခု | - | ၁ | ၁ |
| ၁၇ | ကွန်ပျူတာတက္ကသိုလ် | ခု | - | ၁ | ၁ |
| ၁၈ | [illegible] | ခု | ၁၇ | ၂၇ | ၁၀ |

## (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု



### (မြိုင်ကြီးငူ-ဘားအံ) သစ္စာလမ်းမ

ဒေသခံ တိုင်းရင်းသား ပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် ဖောက် လုပ်ထားသည့် ၃၄ မိုင် အရှည်ရှိ (မြိုင်ကြီးငူ-ဘားအံ) သစ္စာ လမ်း မကြီးကို ဝေဟင်မှ ဤသို့တွေ့ရ သည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စု၏ အဓွေ့အကြံ

**အသီးတစ်ရာ**
**အညှာတစ်ခု**
**ဒို့ပြည်ထောင်စု**

နိုင်ငံတစ်နိုင်ငံ မွေးဖွားရှင်သန်တည်တံ့လာဖို့မှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ စစ်ပွဲပေါင်းများစွာကို ဖြတ်သန်းရသည်။ အခက်အခဲ အကျပ်အတည်းများစွာကို ရင်ဆိုင်ခဲ့ရသည်။ သမိုင်းတစ်လျှောက် ထူးခြားသော ဖြစ်စဉ်များကို ဖြတ်သန်းပြီးမှသာ နိုင်ငံတစ်နိုင်ငံ၏ ဖြစ်တည်မှုကို ရရှိနိုင်ပေသည်။ ဖြစ်တည်ပြီးသော နိုင်ငံသည် လွတ်လပ်ရမည်၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်ရမည်။ ယင်း၏ ဖြစ်တည်မှုကို ထာဝစဉ် ထိန်းသိမ်းသွားနိုင်ရန်အတွက် အင်အား ခိုင်မာတောင့်တင်းရပေမည်။ သို့မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတစ်ရပ်အဖြစ် ထာဝစဉ်ရပ်တည်သွားနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှည်လျားသည့် သမိုင်းကြောင်းရှိခဲ့သော နိုင်ငံကြီးတစ်နိုင်ငံပင် ဖြစ်သည်။ မြိုင်မြို့နယ် ပုံတောင်ကျောက်လှာဒေသ ဗဟင်းကျေးရွာအနီးတွင် သက်တမ်းအားဖြင့် နှစ်ပေါင်းသန်း ၄၀ ခန့်ရှိသော လူတူပရိုင်းမိတ်များကို တွေ့ရှိခဲ့သည်။ တွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းများသည် လူဖြစ်လာမည့် သတ္တဝါတို့၏ ရုပ်ကြွင်းများဖြစ်လေရာ "လူသားမျိုးနွယ်အစ မြန်မာက" ဟူသော အဆိုကို နိုင်ငံတကာ ဘူမိဗေဒပညာရှင်များက လက်ခံခဲ့ကြသည်။ ကျောက်ခေတ်ကာလအတွင်း ဧရာဝတီမြစ်ဝှမ်းတွင် အညာသားယဉ်ကျေးမှု ထွန်းကားခဲ့ခြင်း၊ ပြဒါးလင်းဂူတွင် ကျောက်ခေတ်လူနေမှု သဲလွန်စများ အထင်အရှားတွေ့ရခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် သမိုင်းမတင်မီခေတ်ကပင် လူသားတို့နေထိုင်ခဲ့ကြကြောင်း သိရှိရပေသည်။

အလွန်နှေးကွေးလှသော လူစီးကြောင်းကြီးများသည် အရပ်လေးမျက်နှာအနှံ့ အစုန်အဆန် အပြန်အလှန် ရွေ့လျားလျက်ရှိကြရာ တကောင်းမြို့ဟောင်း တူးဖော်မှု၊ သရေခေတ္တရာမြို့ဟောင်း တူးဖော်မှုနှင့် ဟန်လင်း၊ ဗိဿနိုးမြို့ဟောင်းများ၏ အထောက်အထားအရ မြန်မာနိုင်ငံတွင် နှစ်ပေါင်းထောင်ချီအောင် ကြာမြင့်ခဲ့သော ပျူခေတ်ယဉ်ကျေးမှုကြီး ထွန်းကားခဲ့ကြောင်း တွေ့ရသည်။

သရေခေတ္တရာခေတ် ကုန်ဆုံး၍ ပုဂံခေတ်ဦးပိုင်းစတင်ပြီးနောက် ပျူလူမျိုးများသည် တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး မြန်မာလူမျိုးများအဖြစ် ပြောင်းလဲသွားသည်ကို တွေ့ရမည်ဖြစ်သည်။ ပျူလူမျိုးများ ရုတ်ခြည်းပျောက်ကွယ်ပြီး မြန်မာလူမျိုးများ ရုတ်ခြည်းပေါ်ပေါက်လာခြင်းမျိုး မဟုတ်ပေ။ ၁၀၄၄ ခုနှစ်တွင် နန်းတက်သည့် အနော်ရထာမင်းစော ထူထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီးသည် ယနေ့မြန်မာနိုင်ငံတော်ကြီး၏ အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ အနော်ရထာမင်းကြီးသည် အလေး၊ တင်း၊ တောင်းစသော အခြင်အတွယ်များကို တညီတညွတ်တည်းဖြစ်စေခြင်း၊ နယ်နိမိတ် အပိုင်းအခြားများ ခိုင်မာစေခြင်း၊ ထောင်ပြုမြို့၊ ရာပြုမြို့၊ ကင်းတပ်နယ်ခြားမြို့များ တည်ထောင်၍ ယနေ့ခေတ် ပြည်သူ့စစ်မဟာဗျူဟာနှင့်တူသော နိုင်ငံတော်ကာကွယ်ရေးစနစ်ကို ထူထောင်ခြင်းတို့ဖြင့် ပထမမြန်မာနိုင်ငံတော်ကြီးကို ခိုင်မာစေခဲ့သည်။

ပုဂံခေတ်ကုန်ဆုံးပြီးနောက် အင်းဝခေတ်တွင် မြန်မာနိုင်ငံသည် မြို့ပြနိုင်ငံလေးများအဖြစ် အကွဲကွဲအပြားပြား ဖြစ်နေခဲ့ရာ ဟံသာဝတီဆင်ဖြူများရှင်(ခေါ်)ဘုရင့်နောင် မင်းတရားကြီးက ခက်ခဲစွာပင် ပြုစုပျိုးထောင်ခဲ့ရသည်။ ဒုတိယမြန်မာနိုင်ငံတော်ကြီးသည် အင်အားတောင့်တင်းပြီး ကျယ်ဝန်းလှသော်လည်း သားတော် ငါးဆူဒါယကာလက်ထက်မှာပင် ပေါ်တူဂီ နယ်ချဲ့များ၏ ပယောဂနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခြင်းကြောင့် ဟံသာဝတီပျက်ခဲ့ရသည်။ သို့သော် ဘုရင့်နောင်မင်းတရားကြီး၏ သားတော်တစ်ဦးပင်ဖြစ်သော ညောင်ရမ်းမင်းကြီးသည် ဒုတိယအင်းဝခေတ်ကို စတင်ကာ နိုင်ငံကို ပြန်လည်ထူထောင်ခဲ့ရသည်။ ညောင်ရမ်း(၁၀)ဆက် လွန်သောအခါ နိုင်ငံသည်

**စောဖိုးသဲ**

## ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲ
## အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေ
## အမျိုးသားရေး မူဝါဒအဖြစ် ပြည်ထောင်စုသားတိုင်းက ကာကွယ်
## အရေးကြီးနေပေပြီ။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြ
## ပြည်ထောင်စုသားတိုင်းမှာပင် တာဝန်ရှိနေပေသည်။ နိုင်ငံတော်
## မည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် တတိယအဆင့်ဖြစ်သော
## ရေးဆွဲခြင်းကို ဆောင်ရွက်နေပြီဖြစ်ရာ လမ်းတစ်ဝက်သို့ပင် ရေ
## ပြည်ထောင်စုနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးမှာ မဝေးတော့ပြ

စည်းလုံးညီညွတ်မှုမရှိဘဲ ပြိုကွဲပြန်သဖြင့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက တတိယ မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်တည်ထောင်ရပြန်သည်။

မင်းသုံးပါးတို့ ခက်ခဲစွာ သုံးကြိမ်တိုင်တိုင် တည်ထောင်ခဲ့ကြရသော မြန်မာနိုင်ငံတော်ကြီးသည် ဘကြီးတော်မင်း လက်ထက်တွင် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ(၁၈၂၄-၂၆ခုနှစ်)ဖြစ်ပွားသဖြင့် အာသံ၊ မဏိပူရ၊ ရခိုင်၊ တနင်္သာရီတို့ကို ဆုံးရှုံးခဲ့ရလေရာ နိုင်ငံတော်၏

**လွတ်လပ်ရေးရပြီးနောက် နယ်ချဲ့တို့၏သွေးထိုး မြှောက်ပင့်ပေးမှုကြောင့် နယ်ချဲ့စနစ်၏ ဆိုးမွေအဖြစ် ပြည်တွင်းသောင်းကျန်းမှုမီးကြီး တောက်လောင်ခဲ့ရသကဲ့သို့ မြေပေါ်နိုင်ငံရေး ပဋိပက္ခများမှာလည်း အတောမသတ်နိုင်ခဲ့။ တပ်မတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးတည်ကြိုးစားပြီး အမျိုးသားညီလာခံကြီးကို ခက်ခဲစွာကျင်းပခဲ့ရသည်။ သို့သော်ယနေ့အခါတွင် အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးဆုံးလျက် အခြေခံဥပဒေသစ်တစ်ရပ်ကို ရေးဆွဲနေသောအဆင့်ကို ရောက်နေပေပြီ။ အင်္ဂလိပ်နယ်ချဲ့တို့လက်အောက်မှ မလွတ်မြောက်မီ နယ်ချဲ့တို့အလိုကျ သုံးလခန့်နှင့် အပြီးသတ်ရေးဆွဲခဲ့ရသော ၁၉၄၇ခုနှစ် အခြေခံဥပဒေသည်လည်းကောင်း၊ ဆိုရှယ်လစ်ဝါဒကိုအခြေခံသော ၁၉၇၄ခုနှစ် အခြေခံဥပဒေသည်လည်းကောင်း မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် မည်သို့မျှ မကိုက်ညီတော့ပေ။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အခြေခံဥပဒေအသစ်တစ်ရပ် မရှိမဖြစ် လိုအပ်သည်ကို ငြင်း၍ မရပေ။**

အစွန်အဖျားနယ်ပယ်များ ပဲ့ထွက်ခြင်းကြေ
ခြင်းအစဟု ဆိုနိုင်ပေသည်။

ပုဂံမင်းလက်ထက် ဒုတိယအင်္ဂလိ
၅၃ခုနှစ်)ဖြစ်ပွားနေစဉ် မြန်မာတို့သည် အင်္ဂ
ဖို့ထက် နန်းတွင်းရေးရှုပ်ထွေးပြီး ညီအစ်
နေကြသည်ကို တွေ့ရသည်။ အင်္ဂလိပ်များ
စစ်ပန်းကာ စစ်ရှိန်တန့်နေချိန် မြန်မာတို့
နိုင်ခြေရှိပါလျက် ပုဂံမင်းသည် ပုန်ကန်
ကနောင်မင်းသားတို့အား နှိမ်နင်းရန်အ

ရင်ဆိုင်တိုက်နေသော တပ်များကို ရုပ်
မင်းတုန်းမင်း နန်းတက်ချိန်တွင် အောက်
နယ်ချဲ့တို့လက်သို့ မပါသင့်ဘဲ ပါခဲ့ရတော့
သားတော် သီပေါမင်းလက်ထက်တွင်
ပင်လယ်ထွက်ပေါက်မရှိတော့ဘဲ ကုန်းတွင်း
လေရာ ၁၈၈၅ ခုနှစ် တတိယ အင်္ဂလိပ်-
ဟုတ်တိပတ်တိ မတိုက်လိုက်ရဘဲ သူ့ကျွန်

နယ်ချဲ့တို့သည် ပြည်ထောင်စုမြ
သိမ်းပိုက်နိုင်ရန် နှစ်ပေါင်းတစ်ရာကျော်ခန့်
လူသူအသေအပျောက်များလှသော စစ်ပွဲကြီ
တတိယစစ်ပွဲတွင် တစ်လပြည့်အောင် မ
တိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေး တိ
များဖြင့် ၁၈၉၄ ခုနှစ်ကုန်သည်အထိ တိုက်ခို
၁၈၉၅ ခုနှစ်ကုန်မှ အုပ်ချုပ်ရေး အခြေကျစ
တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို
ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအား D
သွေးခွဲအုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့ကြသ

သွေးခွဲအုပ်ချုပ်မှုဆိုသည်မှာ လူမျိုး
ခွဲခြားအုပ်ချုပ်ခြင်းပင် ဖြစ်သည်။ နိုင်ငံရေးအ
နည်းကို လူမျိုးစုများ၏ အခြေအနေအရ 
ဆိုလေရာ စည်းလုံးညီညွတ်မှုကို ဖြိုခွဲခြင်း
နည်းတွင် လူနည်းစုများကို အားပေးကူညီ
တောင့်တင်းစေရန် ကူညီပေးခြင်းနှင့် လူ
လျှော့ချပစ်ရန် နည်းစနစ်များပါဝင်သည်။
သူများက ကျူးကျော်ခံ ကိုလိုနီနယ်ပယ်များ
ဟုလည်း အဘိဓာန်များက ဆိုသည်။

မြန်မာနိုင်ငံတွင်ကား ဗြိတိသျှနယ်ချဲ့
များကို ပဒေသရာဇ်စနစ်ဖြင့် ဆက်လက်အု
သည်။ မိုးကုတ်၊ မိုးမိတ်၊ ဝန်းသို၊ ကလေး၊ မို
မှာမူ တော်လှန်ရေးအင်အား ပြင်းထန်လှသဖြ
အဖြစ်ခွင့်မပြု။ မြေပြန့်ဒေသနှင့်အတူ

အစွန်းအဖျားနယ်ပယ်များ ပဲ့ထွက်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲခြင်းအစဟု ဆိုနိုင်ပေသည်။

ပုဂံမင်းလက်ထက် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၅၂-၅၃ခုနှစ်)ဖြစ်ပွားနေစဉ် မြန်မာတို့သည် အင်္ဂလိပ်များအား တိုက်ထုတ်ဖို့ထက် နန်းတွင်းရေးရှုပ်ထွေးပြီး ညီအစ်ကိုချင်း နန်းလုပွဲ ဆင်နွှဲနေကြသည်ကို တွေ့ရသည်။ အင်္ဂလိပ်များ ခြေကုန်လက်ပန်းကျပြီး စစ်ပန်းကာ စစ်ရှိန်တန့်နေချိန် မြန်မာတို့က အားသွန်၍တိုက်ပါက နိုင်ခြေရှိပါလျက် ပုဂံမင်းသည် ပုန်ကန်သူ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့အား နှိမ်နင်းရန်အတွက် အင်္ဂလိပ်များနှင့်

## ...င်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ် ...ရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ...ထောင်စုသားတိုင်းက ကာကွယ်စောင့်ရှောက်ရန် ...င်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် ...ဝန်ရှိနေပေသည်။ နိုင်ငံတော် ရှေ့ဆက်သွား ...် တတိယအဆင့်ဖြစ်သော အခြေခံဥပဒေ ...ဖြစ်ရာ လမ်းတစ်ဝက်သို့ပင် ရောက်နေပေပြီ။ ...ပေါ်ထွန်းလာရေးမှာ မဝေးတော့ပြီ။

ရင်ဆိုင်တိုက်နေသော တပ်များကို ရုပ်သိမ်းခိုင်းခဲ့သည်။ သို့နှင့် မင်းတုန်းမင်း နန်းတက်ချိန်တွင် အောက်မြန်မာပြည်သည် ရန်သူနယ်ချဲ့တို့လက်သို့ မပါသင့်ဘဲ ပါခဲ့ရတော့သည်။ မင်းတုန်းမင်း၏ သားတော် သီပေါမင်းလက်ထက်တွင်ကား မြန်မာနိုင်ငံသည် ပင်လယ်ထွက်ပေါက်မရှိတော့ဘဲ ကုန်းတွင်းပိတ် နိုင်ငံငယ်လေးဖြစ်နေလေရာ ၁၈၈၅ ခုနှစ် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် စစ်ပင်ဟုတ်တိပတ်တိ မတိုက်လိုက်ရဘဲ သူ့ကျွန်ဖြစ်ခဲ့ရတော့၏။

နယ်ချဲ့တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား သိမ်းပိုက်နိုင်ရန် နှစ်ပေါင်းတစ်ရာကျော်ခန့် အချိန်ယူ ကြိုးပမ်းခဲ့ရပြီး လူသူအသေအပျောက်များလှသော စစ်ပွဲကြီးများ ဆင်နွှဲခဲ့ကြရသည်။ တတိယစစ်ပွဲတွင် တစ်လပြည့်အောင် မတိုက်လိုက်ရသော်လည်း တိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများကို စစ်တပ်ကြီးများဖြင့် ၁၈၉၄ ခုနှစ်ကုန်သည်အထိ တိုက်ခိုက်နှိမ်နင်းနေခဲ့ကြရသည်။ ၁၈၉၅ ခုနှစ်ကုန်မှ အုပ်ချုပ်ရေး အခြေကျစပြုသည်။ နယ်ချဲ့တို့သည် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို ပြိုကွဲသွားစေရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအား Divide and Rule (ခေါ်) သွေးခွဲအုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့ကြသည်။

သွေးခွဲအုပ်ချုပ်မှုဆိုသည်မှာ လူမျိုးရေးအရ စနစ်အမျိုးမျိုးဖြင့် ခွဲခြားအုပ်ချုပ်ခြင်းပင် ဖြစ်သည်။ နိုင်ငံရေးအဘိဓာန်များတွင် ဤအုပ်ချုပ်နည်းကို လူမျိုးစုများ၏ အခြေအနေအရ အင်အားချိန်ညှိပေးခြင်းဟု ဆိုလေရာ စည်းလုံးညီညွတ်မှုကို ဖြိုခွဲခြင်းပင်ဖြစ်သည်။ ဤအုပ်ချုပ်နည်းတွင် လူနည်းစုများကို အားပေးကူညီပြီး စစ်အင်အားပါ ခိုင်မာတောင့်တင်းစေရန် ကူညီပေးခြင်းနှင့် လူများစုများအား အင်အားလျှော့ချပစ်ရန် နည်းစနစ်များပါဝင်သည်။ ဤနည်းကို ကျူးကျော်သူများက ကျူးကျော်ခံ ကိုလိုနီနယ်ပယ်များအပေါ်တွင် ကျင့်သုံးသည် ဟုလည်း အဘိဓာန်များက ဆိုသည်။

မြန်မာနိုင်ငံတွင်ကား ဗြိတိသျှနယ်ချဲ့တို့သည် တောင်ပေါ်ဒေသများကို ပဒေသရာဇ်စနစ်ဖြင့် ဆက်လက်အုပ်ချုပ်ရန် ခွင့်ပြုထားလိုက်သည်။ မိုးကုတ်၊ မိုးမိတ်၊ ဝန်းသို၊ ကလေး၊ မိုးညှင်း၊ မိုးကောင်းနယ်များမှာမူ တော်လှန်ရေးအင်အား ပြင်းထန်လှသဖြင့် ပဒေသရာဇ်နယ်ပယ်များ အဖြစ်ခွင့်မပြု။ မြေပြန့်ဒေသနှင့်အတူ တိုက်ရိုက်အုပ်ချုပ်ခြင်းကို ခံရသည်။ မြန်မာနိုင်ငံတွင် လူမျိုးရေး သွေးခွဲအုပ်ချုပ်ခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ရသည်။ မြန်မာနေရှင်များအား မြေတောင်မြှောက်ပေးခြင်း၊ ဆင်းရဲသားများအား နှိပ်စက်ခြင်းတို့ကို တွင်တွင်ကြီး ပြုလုပ်နေစဉ် မာ့(ခ်စ်)ဝါဒ ဝင်ရောက်လာရာ လူတန်းစားတိုက်ပွဲများ ဖြစ်ပေါ်လာပြန်သည်။ မြန်မာတို့သည် နယ်ချဲ့တို့၏ ဖိနှိပ်မှုမှ လွတ်လပ်ရေးရရှိရန် အသက်ပေါင်းများစွာရင်းပြီး ခက်ခဲစွာ ကြိုးစားခဲ့ ကြရခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် တရွေ့ရွေ့ပြောင်းလဲခြင်းများကိုသာမကဘဲ တစ်ရှိန်ထိုး တစ်ဟုန်ထိုး ပြောင်းလဲသော တော်လှန်ရေးများကိုလည်း ကြုံတွေ့ခဲ့ကြရသည်။ နယ်ချဲ့တို့လက်အောက်တွင်တိုင်းရင်းသားချင်း လွတ်လပ်စွာ ဆက်ဆံခွင့်မရ။ တစ်နေရာနှင့်တစ်နေရာ သွားချင်သလို သွားလို့မရ။ ပဋိပက္ခများဖြစ်ပွားစေရန် ရန်တိုက်ပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်းများလည်း ရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း နယ်ချဲ့များက မြှောက်ပေးသဖြင့် ပေါ်ပေါက်ခဲ့ရသော ပဋိပက္ခများကို ယခုတိုင် ရှင်း၍မရသေး။

လွတ်လပ်ရေးယူမည် ဆိုတော့လည်း အချို့တိုင်းရင်းသား ခေါင်းဆောင်များမှာ နယ်ချဲ့တို့၏ မှိုင်းမိကာ လွတ်လပ်ရေးမယူဘဲ ဗြိတိသျှအင်ပါယာအောက်တွင်သာ နေလိုသည်ဟု ပြောသူက ပြောသည်။ သီးခြားလွတ်လပ်ရေးယူမည်ဟု ဆိုသူကဆိုသည်။

## ပြည်ထောင်စုနေ့ ရည်မှန်းချက်

- * တစ်ကိုးလေးခွန်၊ ခုနှစ်မွန်တည့်
ထူးချွန်ထွက်ပေါ်၊ လ ဖေဖော်၏
ရက်သော်တွက်ချက်၊ ဆယ့်နှစ်ရက်ဝယ်
ချင့်တွက်နှောင်ရေး၊ လွတ်လပ်ရေးကို
မနှေးယူရန်၊ စိတ်ရည်သန်၍
မျိုးမာန်ဂုဏ်ဟိတ်၊ ဇာတိစိတ်ဖြင့်
တစ်စိတ်တစ်ဝမ်း၊ ဦးပဲ့ထမ်းရန်
မျှော်မှန်းတွေ့ဆုံ၊ မြို့ပင်လုံဝယ်
စုံညီတိုင်းရင်းသား၊ ညီနောင်များတို့
မှတ်သားလက်မှတ်၊ ရေးထိုးအပ်သည်
ရက်မြတ်ထိုနေ့ပေါ်ခဲ့သည်။
- * မည်သည့်နေရာ၊ မဆိုသာတည့်
ရာကျော်လူမျိုး၊ မြန်မာမျိုးတို့
ရိုးသားစိတ်ရင်း၊ ညီနောင်ချင်းလျှင်
ရိုင်းပင်းချစ်ကြည်၊ နေကြသည်တည့်။
- * တစ်မြေတည်းနေ၊ မေတ္တာဝေ၍
တစ်ရေတည်းသောက်၊ အရေးရောက်က
ရွံ့ကြောက်မရှိ၊ စည်းလုံးဘိသည်
မြတ်မိခင်၏ သားကောင်းများ။
- * တစ်လှေတည်းစီး၊ တူခရီးဝယ်
မငြီးဘယ်ခါ၊ စည်းရုံးလာခဲ့
အေးခါလည်းတွဲ၊ ပူလည်းတွဲ၍
တွဲလက်ပိုင်ပိုင်၊ ခန့်ခန့်ခိုင်၏။
- * ပြည်ထောင်စုစိတ်ဓာတ်၊ အသိမြတ်ကို
မပြတ်ကျင့်သုံး၊ ဖွံ့နှောင်ထုံးလော့။
- * ဥမကွဲသိုက်မပျက်၊ ရှေ့သို့ဆက်၍
တွဲလက်ခိုင်ခိုင်၊ အားသစ်မြိုင်သော်
နိုင်ငံတစ်ဝန်း၊ ရွှေရောင်လွှမ်း၍
ငြိမ်းချမ်းသာယာ၊ ရွှေမိုးရွာလိမ့်
မြန်မာရွှေခေတ် ရောက်အံ့တည်း။ ။

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို
ဂုဏ်ပြုကြိုဆိုလျက်-

**ပန်းတောင်းသန်းကြွယ်**

## ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံးစောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

တိုင်းရင်းသား ခေါင်းဆောင်များအားလုံး တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စည်းလုံးညီညွတ်နိုင်ရေးအတွက် ခက်ခဲစွာ စည်းရုံးကြိုးစားခဲ့ရခြင်းဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ လွတ်လပ်ရေးကို အတူတကွရယူကြမည်ဟု ပင်လုံမြို့တွင် စာချုပ်ချုပ်ဆိုနိုင်ခဲ့ရာ ထိုနေ့ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်ခဲ့ကြသည်။ ပင်လုံစာချုပ်သည် လွတ်လပ်ရေးအတွက် ပထမ ခြေလှမ်းဖြစ်ပြီး အောင်ဆန်း-အက်တလီစာချုပ်၊ နု-အက်တလီစာချုပ်များ ဆက်လက်ချုပ်ဆိုနိုင်ခဲ့သောကြောင့်သာ မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့ခြင်းပင်။

သို့သော် **လွတ်လပ်ရေးရပြီးနောက် နယ်ချဲ့တို့၏ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် နယ်ချဲ့စနစ်၏ ဆိုးမွေအဖြစ် ပြည်တွင်းသောင်းကျန်းမှုမီးကြီး တောက်လောင်ခဲ့ရသကဲ့သို့ မြေပေါ်နိုင်ငံရေး ပဋိပက္ခများမှာလည်း အတောမသတ်နိုင်ခဲ့။ တပ်မတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးတည်ကြိုးစားပြီး အမျိုးသားညီလာခံကြီးကို ခက်ခဲစွာကျင်းပခဲ့ရသည်။ သို့သော် ယနေ့အခါတွင် အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးဆုံးလျက် အခြေခံဥပဒေသစ်တစ်ရပ်ကို ရေးဆွဲနေသောအဆင့်ကို ရောက်နေပေပြီ။ အင်္ဂလိပ် နယ်ချဲ့တို့လက်အောက်မှ မလွတ်မြောက်မီ နယ်ချဲ့တို့အလိုကျ သုံးလခန့်နှင့် အပြီးသတ်ရေးဆွဲခဲ့ရသော ၁၉၄၇ ခုနှစ် အခြေခံဥပဒေသည်လည်းကောင်း ဆိုရှယ်လစ်ဝါဒကိုအခြေခံသော ၁၉၇၄ ခုနှစ် အခြေခံဥပဒေသည်လည်းကောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် မည်သို့မျှ မကိုက်ညီတော့ပေ။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အခြေခံဥပဒေအသစ်တစ်ရပ် မရှိမဖြစ်လိုအပ်သည်ကို ငြင်း၍မရပေ။**

ယခုအခါ ပင်လုံစာချုပ်၏သက်တမ်းမှာ (၆၁)နှစ်ရှိလာလေပြီ။ ဤအချိန်တွင် **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုသားတိုင်းက ကာကွယ်စောင့်ရှောက်ရန် အရေးကြီးနေပေပြီ။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုသားတိုင်းမှာပင် တာဝန်ရှိနေပေသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အနက် တတိယအဆင့်ဖြစ်သော အခြေခံဥပဒေရေးဆွဲခြင်းကိုဆောင်ရွက်နေပြီဖြစ်ရာ လမ်းတစ်ဝက်သို့ပင် ရောက်နေပေပြီ။ ပြည်ထောင်စုနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးမှာ မဝေးတော့ပြီ**တည်း။ ။

စာမျက်နှာ ၃ မှ

## မျက်ခြည်မပြတ်

ထို့ကြောင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် မျက်ခြည်မပြတ် အာရုံစူးစိုက်ပြီး ဆောင်ရွက်ပေးနိုင်သည်များကို အလေးထားဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများကိုလည်း ဆောင်ရွက်ဖွယ်ရာများကို လမ်းညွှန်မှုများပေးလျက်ရှိကြောင်း။

ချင်းပြည်နယ် အနေဖြင့် ဆက်သွယ်သွားလာရေးတွင် လေကြောင်း၊ ရေကြောင်း၊ ရထားလမ်းကြောင်းများ မရှိသဖြင့် ကားလမ်းကြောင်းတစ်ခုတည်းကိုသာ အဓိကအားထားရသည့် ပြည်နယ်ဖြစ်ကြောင်း။

## ပြုပြင်တိုးချဲ့

ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ မင်းတပ်-မတူပီလမ်း စသည့် ချင်းပြည်နယ်၏ လမ်းကြီးလေးသွယ်ကိုလည်းကောင်း၊ ယင်းလမ်းမများနှင့် ဆက်စပ်နေသည့် အတွင်းလမ်းများကိုလည်းကောင်း တိုးတက်ကောင်းမွန်ရေးအတွက် ပြုပြင်တိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်နယ်၏ သဘာဝအခြေအနေပေါ်မှီတည်၍ လမ်း၊ တံတားများကို ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန်လိုအပ်သကဲ့သို့ နယ်မြေဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတောင့်တင်းရန်လည်း အရေးကြီးကြောင်း။

## တွဲဖက်လုပ်ကိုင်

ဒေသအတွင်း စားနယ်ရိက္ခာဖူလုံရေး၊ ဝင်ငွေကောင်းကောင်း ရနိုင်သည့် နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ဒေသနှင့်ကိုက်ညီမည့် မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ရေးတို့ကို လုပ်ကိုင်လာအောင် တိုက်တိုက်တွန်းတွန်း ဆောင်ရွက်နေရကြောင်း၊ ရည်ရွယ်ချက်မှာ ပြည်နယ်၏ စီးပွားရေးတောင့်တင်းခိုင်မာလာစေရန်ဖြစ်ကြောင်း။

ချင်းပြည်နယ်၌ မြေပြန့်လွင်ပြင် နည်းပါးသည့်အလျောက် လယ်မြေထက် ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် ဝမ်းစာစပါးကို မိရိုးဖလာ စိုက်ပျိုးဆဲဖြစ်ကြောင်း။

ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုကို နှစ်ကာလရှည်ကြာစွာ လုပ်ကိုင်ခဲ့မှုကြောင့် သစ်တောများ ပြုန်းတီးခဲ့ရကြောင်း၊ တောင်ယာစိုက်ပျိုးမှုမှာလည်း ပင်ပန်းသလောက် အကျိုးမခံစားရဘဲ ဝမ်းစာစပါးကိုပင် လုံလုံလောက်လောက် မထုတ်လုပ်နိုင်ကြောင်း။

## လက်ဆင့်ကမ်းစိုက်ပျိုး

ထို့ကြောင့် မိရိုးဖလာလုပ်ကိုင်လာသည့် တောင်ယာစနစ်အစား လှေကားထစ်လယ်ယာမြေစနစ်၊ ကုန်းမြင့်လယ်ယာမြေစနစ်တို့ကို ဖော်ထုတ်ပြီး သားစဉ်မြေးဆက်အထိ လက်ဆင့်ကမ်းစိုက်ပျိုးနိုင်အောင် ပြုပြင်ပြောင်းလဲ စိုက်ပျိုးသွားကြရန်လိုကြောင်း။

သို့မှလည်း ဝမ်းစာ စပါးအပါအဝင် စိုက်ပျိုးသည့်သီးနှံများ အထွက်နှုန်းတိုးမှာဖြစ်ကြောင်း၊ ဒေသဝမ်းစာဖူလုံရေးအတွက် အထွက်ကောင်းသည့် စပါးမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ မိမိ၏ စားနပ်ရိက္ခာသီးနှံများကို တိုးချဲ့စိုက်ပျိုး ထုတ်လုပ်သကဲ့သို့ ဖြစ်ထွန်းနိုင်သည့် ဝင်ငွေရနှစ်ရှည်ပင်များကိုလည်း ထိထိမိမိ စိုက်ပျိုးကြရန် ဖြစ်ကြောင်း။

ချင်းပြည်နယ်သည် လက်ဖက်စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ပြည်နယ်ဖြစ်၍ နိုင်ငံတော်အကြီးအကဲက ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်စေရန် လမ်းညွှန်ထားပြီးဖြစ်ကြောင်း။

## ဖိဖိစီးစီးဆောင်ရွက်

ထို့ကြောင့် လက်ဖက်ပြည်နယ် ဖြစ်ရမည်ဟု ခံယူချက်ထား၍ လက်ဖက်ကို တစ်အုပ်တစ်မ စီးပွားဖြစ် စိုက်ပျိုးသွားရန်လိုကြောင်း၊ စီးပွားရေးအရ ဈေးကွက်လည်း ရှိပြီးဖြစ်သဖြင့် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်အောင် ဖိဖိစီးစီး ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်သကဲ့သို့ မွေးမြူရေးလုပ်ငန်းကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ချင်းပြည်နယ်၏ မိရိုးဖလာ သမားရိုးကျ မွေးမြူရေးမှာ နွားနောက်မွေးမြူခြင်းဖြစ်ကြောင်း၊ အိမ်ထောင်စုအလိုက် နွားနောက်ကို တစ်ပိုင်တစ်နိုင်မွေးမြူခြင်းမှ တစ်အုပ်တစ်မ စီးပွားဖြစ်မွေးမြူခြင်းလုပ်ငန်းသို့ ပြောင်းလဲ မွေးမြူသွားရန်လိုကြောင်း။

## စီးပွားဖြစ်မွေးမြူ

နွားနောက်ကို စီးပွားဖြစ်မွေးမြူနိုင်ပါက ပြည်ပသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်သကဲ့သို့ တန်ဖိုးမြင့်တင်၍လည်း အမျိုးမျိုး တင်ပို့ရောင်းချနိုင်ကြောင်း။

မိမိပြည်နယ်၏ ရေမြေရာသီဥတု အခြေအနေအရ လုပ်ကိုင်ဖြစ်ထွန်းနိုင်သော စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည်နှင့်အမျှ ချင်းပြည်နယ်သားများ၏ ဝင်ငွေတိုးတက်များပြားလာကာ လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်လာအောင် ဝိုင်းဝန်းကြိုးစား အားထုတ်စေလိုကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်နိုင်ကိုင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ခိုင်ခိုင်မာမာရှိရန်လည်း လိုအပ်ကြောင်း။

## လူ့စွမ်းအားအရင်းအမြစ်

အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် ဖြည့်ဆည်းပေးနိုင်သည့်ကဏ္ဍမှာ ပညာရေးကဏ္ဍပင်ဖြစ်ကြောင်း၊ ဒေသတွင်း၌ ပညာတတ် လူ့အရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးထားသည့်နည်းတူ ချင်းပြည်နယ်မြောက်ပိုင်းနှင့် တစ်သားတည်းဆက်စပ်တည်ရှိသည့် ကလေးဒေသ၌ တက္ကသိုလ်၊ ကောလိပ်များကို နိုင်ငံတော်က တည်ဆောက်ထူထောင်ပေးလျက်ရှိကြောင်း။

အခြေခံပညာနှင့် အဆင့်မြင့်ပညာများကို သင်ကြားပေးလျက်ရှိသော စာသင်ကျောင်းများသည် ပညာထူးချွန်တတ်မြောက်သော လူတော်များကိုသာမက နိုင်ငံတော်နှင့် ပြည်နယ်အတွက် တန်ဖိုးရှိသည့် အကျင့်စာရိတ္တကောင်းမွန်သော၊ စည်းကမ်းရှိသေလေးစားသော လူကောင်းများကိုလည်း မွေးထုတ်ပေးနိုင်ရမှာဖြစ်ကြောင်း။

မိမိ တိုင်းပြည်၊ မိမိဒေသ၊ မိမိလူမျိုးကို ချစ်မြတ်နိုးသူများဖြစ်လာရေးအတွက်လည်း စာသင်ကျောင်းများ၌ အလေးထား ပြုစုပျိုးထောင်သွားကြရန်လည်း လိုအပ်ကြောင်း။

## ပြည်ထောင်စုစိတ်ဓာတ်

မိမိဒေသအပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး တိုးတက်ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးညီအစ်ကိုအားလုံး ချစ်ချစ်ခင်ခင် တစ်စုတစ်ပေါင်းတည်း ပေါင်းစည်းနေထိုင်ရေးဆိုသည့် ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းနေအောင် ပြုစုနိုင်ရမှာဖြစ်ကြောင်း။

ပညာတတ်များ ပေါများရန်လိုသကဲ့သို့ ယင်းပညာတတ်များသည် ကျန်းမာသန်စွမ်းသူများလည်းဖြစ်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများအား ကျန်းမာရေးအသိပညာပေးရန်၊ ရောဂါကြိုတင်ကာကွယ်နည်းများကို သင်ကြားပေးရန်၊ ရောဂါဖြစ်ပွားလာပါက ကုသပေးရန်ဟူသည့် ကျယ်ပြန့်သော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျန်းမာသန်စွမ်းသည့် ပညာတတ်များ ပေါများမှသာ ဒေသရော၊ နိုင်ငံတော်ပါ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

## စီးပွားရေးတောင့်တင်းရန်

ချင်းပြည်နယ်အတွင်း စီးပွားရေး ဖူလုံတောင့်တင်းလာစေရန်နှင့် ပြည်နယ်ဖွံ့ဖြိုးရေးကို ဖော်ဆောင်မည့် ကျန်းမာသန်စွမ်းသော ပညာတတ်များပြားစေရန် ကြိုးစားကြစေလိုကြောင်း။

နိုင်ငံတော်အပိုင်းက အထက်မှာ ရှင်းလင်းပြောကြားပြီးသည့်အတိုင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် လုပ်ကိုင်ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများ၏ ပညာရည်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျယ်ပြန့်ထိရောက်ရေးတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အုပ်ချုပ်ရေးယန္တရား၏ အာဏာစက် နယ်စွန်နယ်ဖျားအထိ ထိရောက်ကျယ်ပြန့်ရေး၊ ပြည်သူများကို အုပ်ချုပ်ရေး၏ လုံခြုံစိတ်ချရသည့် အရိပ်ပေးနိုင်ရေးအတွက် အဘက်ဘက်က ပြုပြင်ထူထောင်မှုများကိုလည်း ပြုပြင်လျက်ရှိကြောင်း။

## ဒီမိုကရေစီနိုင်ငံတော်

တစ်ချိန်တည်းမှာပင် ပြည်သူအများစု လိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပထမအဆင့်လည်းဖြစ်၊ အရေးကြီးဆုံးလည်းဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယခုအခါ အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြေခံ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပြီဖြစ်ရာ အတော်ခရီးပေါက်နေပြီဖြစ်ကြောင်း။

## ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် မှန်ကန်သော လုပ်ငန်းအစီအစဉ်များဖြစ်သဖြင့် ယင်းလုပ်ငန်းအစီအစဉ်များ ပြီးမြောက်အောင်မြင်ရေးအတွက် နိုင်ငံသားတိုင်းက မိမိတို့တွင် တာဝန်ရှိသည်ဟုခံယူ၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။ **(သတင်းစဉ်)**

---

# မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန** |
| --- | --- |
| (က) ဦးလှမြင့် | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာ<br>အဖွဲ့အစည်းများနှင့်<br>စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာသန်းမြင့် | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသိပ္ပံပညာ ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဂ) ဦးဟန်စိုး | ကျောင်းအုပ်ကြီး<br>စစ်ကိုင်းသမဝါယမကောလိပ်<br>သမဝါယမဝန်ကြီးဌာန |

---

* ကျောဖုံးမှ

## တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနေ့အခမ်းအနားသို့တက်ရောက်လာကြသည့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့် ရုပ်ရှင်မြတ်နိုးသူပြည်သူများ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံးရုပ်ရှင်အသံထူးချွန်ဆုရရှိသူ ဦးမျိုးညွှန့်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အစီအစဉ်အရ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ညကျင်းပသည့် အခမ်းအနားတွင် ၂၀၀၆ ခုနှစ်အတွင်း ထုတ်လုပ်ပြသသည့် မြန်မာရုပ်ရှင်ဇာတ်ကားများထဲမှ ထူးချွန်သည့် အနုပညာရှင်များ၊ အတတ်ပညာရှင်များကို စိစစ်ရွေးချယ်ပြီး ထူးချွန်ဆုများ ချီးမြှင့်သွားမှာဖြစ်ကြောင်း။

## အင်အားသစ်

နိုင်ငံတော်က ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်အောင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသစ်ကို ၂၀၀၇ ခုနှစ် ဇွန်လ ၂၄ ရက်တွင် ဒုတိယအကြိမ် ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသစ်အနေဖြင့် လူသစ်၊ စိတ်သစ်၊ အင်အားသစ်များဖြင့် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့နေရကြောင်း။

ရုပ်ရှင်ပညာသည်များ၏ အရည်အသွေး မြင့်မားတိုးတက်စေရေးအတွက် ဒါရိုက်တာပညာ၊ ရုပ်ရှင်ဓာတ်ပုံပညာ၊ သရုပ်ဆောင်ပညာ စသည့် ရုပ်ရှင်ပညာဆိုင်ရာ သင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိနေပြီဖြစ်ကြောင်း၊ အလားတူ ရုပ်ရှင်ပညာဆိုင်ရာ ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း အခါအားလျော်စွာ ကျင်းပပြုလုပ်ပြီး မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း။ *စာမျက်နှာ ၁၁ ကော်လံ ၁*

---

**မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း**

## အင်အားပြင်းလေဆင်နှာမောင်းတိုက်ခတ်ခဲ့မှု ယနေ့အထိ သေဆုံးသူ ၅၅ ဦးရှိပြီ

နယူးယောက် ဖေဖော်ဝါရီ ၇

**အမေရိကန်နိုင်ငံတောင်ပိုင်း ပြည်နယ်များသို့ ဖေဖော်ဝါရီ ၇ရက်က လေဆင်နှာမောင်း ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အပျက်အစီး အသေအပျောက်များ စွာဖြစ်ပေါ်ခဲ့သည်။ ဖေဖော်ဝါရီ ၇ရက်တွင် လေဆင်နှာမောင်းဒဏ်ခံခဲ့ရသော အမေရိကန်နိုင်ငံတောင်ပိုင်း ပြည်နယ်ငါးခုမှ လူအများအပြားသည် လေဆင်နှာမောင်းဒဏ်ကြောင့် ပျက်စီးနေသော ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ဝင်ရောက်နေကြဆဲဖြစ်ကြောင်း ဖေဖော်ဝါရီ၇ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။**

**ယနေ့အထိ အမေရိကန်နိုင်ငံတောင်ပိုင်းရှိ တင်နက်ဆီ၊ အာကန်ဆမ်၊ ကင်တပ်ကီး၊ အယ်လ်ဘားမားနှင့် မစ္စစ္စပီ ပြည်နယ်ငါးခုမှ လူပေါင်း၅၅ဦး သေဆုံးခဲ့ပြီး ရာချီသောလူများ ဒဏ်ရာရခဲ့ကြောင်း ဖေဖော်ဝါရီ၇ရက် အင်တာနက်သတင်း၌ ဆက်လက်ဖော်ပြသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၁၀ မှ*

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများကို တိုက်တွန်းမှာကြားမှုများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအဖွဲ့ဝင်များဖြင့် ပူးပေါင်းပြီး မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ရုပ်မြင်သံကြားနှင့် ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပသည့် ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား အပြည်ပြည်ဆိုင်ရာ ပြပွဲ၊ ပေကျင်းရုပ်ရှင်ပွဲတော်နှင့် တရုတ်ပြည် (၁၆)ကြိမ်မြောက် ရွှေကြက်-ရာပန်း ရုပ်ရှင်ပွဲတော်များသို့ စေလွှတ်ခဲ့ကြောင်း၊ ထို့အပြင် တရုတ်၊ စင်ကာပူ၊ ဟောင်ကောင်တို့၌ ဒစ်ဂျစ်တယ်စီနီမာနည်းပညာများ သွားရောက်လေ့လာခဲ့သည့်အပြင် အိန္ဒိယနိုင်ငံ၌ ကျင်းပသော ရုပ်သံလွှင့်ဆိုင်ရာပြပွဲသို့ စေလွှတ်ခဲ့ပြီး သွားရောက် ကြည့်ရှုလေ့လာစေခဲ့ကြောင်း။

## ကြိုးပမ်းစွမ်းဆောင်

ယင်းကဲ့သို့ နိုင်ငံတကာ လေ့လာမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် အတွေ့အကြုံကောင်းများကို ရယူပြီး ရုပ်ရှင်လောကသားများအနေဖြင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိကြောင်းကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများအနေဖြင့် ယခုကဲ့သို့ အဘက်ဘက်မှ အားတက်သရော ကြိုးပမ်းစွမ်းဆောင်နေကြသည်မှာ မှန်သော်လည်း အမှန်တကယ်တွင် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုထက်ပိုပြီး ကြိုးပမ်းတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်နေသေးသည်ဟု သုံးသပ်မိကြောင်း၊ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်ကျယ်ပြန့်ရေးသည် အသက်ဖြစ်သည်ဟု ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ဈေးကွက်ကျယ်ပြန့်ရေးဆိုရာမှာလည်း ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရေးသည် အဓိကကျကြောင်း၊ ထို့ကြောင့် ရုပ်ရှင်၊ ဗီဒီယိုဈေးကွက်ကို ပြည်ပသို့ ထိထိရောက်ရောက် ထိုးဖောက်ရယူနိုင်ရေးအတွက် ရုပ်ရှင်လောကသားများအားလုံး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

တစ်ဖက်ကလည်း မြန်မာ့ရုပ်ရှင်လာက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ကားများကို ပြည်ပနှင့် ပူးပေါင်း ရိုက်ကူးထုတ်လုပ်ပြီး အရည်အသွေးမြင့်မားလာအောင်နှင့် နိုင်ငံခြားတွင် ပြသနိုင်အောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ Analogue စနစ်မှ Digital ရိုက်ကူးရေးစနစ်အထိ မြှင့်တင်နိုင်ရန် ကြိုးပမ်းကြရမှာဖြစ်ကြောင်း၊ ယင်းသို့ ပြည်ပနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရော ပြည်ပမှာပါ ဈေးကွက်တိုးချဲ့နိုင်မှာဖြစ်သကဲ့သို့ နည်းပညာ၊ နိုင်ငံတကာအတွေ့အကြုံနှင့် ဝင်ငွေအကျိုးအမြတ်များကိုလည်း ရရှိနိုင်မှာဖြစ်ကြောင်း၊ နောက်တစ်ချက်မှာ အရည်အသွေးမြင့်သည့် ရုပ်ရှင်ဇာတ်ကားကောင်းများ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတကာနည်းတူ သင့်လျော်သည့် Studio ကြီးများ ရှိရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ယင်းသို့ နိုင်ငံတကာအဆင့်မီ Studio ကြီးများ ထူထောင်နိုင်ရေးအတွက်လည်း ရုပ်ရှင်လောကသားများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ပူးပေါင်းဆောင်ရွက်သွားသင့်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မူဘောင်နှင့်အညီ တတ်နိုင်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ဇာတ်ကားများ အရည်အသွေးတိုးတက်အောင်

***စာမျက်နှာ ၁၄ ကော်လံ ၁ သို့***

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုရရှိသော ဇော်မြင့်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား တည်းဖြတ်ဆုရရှိသော ဇော်မင်း(ဟံသာမြေ)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဇာတ်ပုံဆုရရှိသော သန်းညွန့်(ပန်းသာ)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုရရှိသော ကိုသော်ဇင်(လဝန်းအိမ်)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုရရှိသော မေသဥ္ဇာဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုရရှိသော နဝရတ်ရုပ်ရှင်ထုတ်လုပ်ရေးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

# ၂၀၀၆ ခုနှစ် အကယ်ဒမီဆုရှင်များ၏ ရင်တွင်းစကား

**ကွင်းဆင်းမေးမြန်းသူ—မြင့်မောင်စိုး(မြန်မာ့အလင်း) ■ ဓာတ်ပုံမှတ်တမ်း—အောင်ထွန်းနိုင်(ပြည်မြန်မာ)**

နေပြည်တော် ဖေဖော်ဝါရီ ၇

**မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် နှစ်စဉ်ပြသပြီး ရုပ်ရှင်ကားများထဲမှ အကောင်းဆုံး ရုပ်ရှင်ကားများကို စိစစ်တည်းဖြတ်၍ ရုပ်ရှင်ထူးချွန်အကယ်ဒမီဆုများ ချီးမြှင့်ပေးအပ်လျက်ရှိသည်။**

**"ပန်းပျိုးသူတို့အလင်္ကာ"ဇာတ်ကားဖြင့် ၂၀၀၆ ခုနှစ် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရ အကယ်ဒမီ မေသဥ္ဇာဦးအား ရုပ်ရှင်သရုပ်ဆောင် မောင်နှမများက ဝမ်းသာအာရ ပွေ့ဖက်နှုတ်ဆက်ကြသည့် မြင်ကွင်းကို ဤသို့ တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း—အောင်ထွန်းနိုင်(ပြည်မြန်မာ)

၂၀၀၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့မျက်နှာစာ၌ ဖေဖော်ဝါရီ ၇ ရက် ညချမ်းက ကျင်းပခဲ့သည်။

အဆိုပါ ရုပ်ရှင်အကယ်ဒမီဆုပေးပွဲအခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာလိုက်သည်ဆိုလျှင်ပင် မီးကျည်မီးပန်းများ ပစ်လွတ်ကာ ဖွင့်လှစ်လိုက်ရာ ဆုပေးပွဲကွင်းပြင်တစ်ခုလုံး မီးရောင် မီးပန်းများ လင်းလက်သွားပြီး ငွေမှုန်စက္ကူများ ကောင်းကင်ယံ၌ တဖွဲဖွဲ လွင့်ပျံသွားသည်။

ယင်းနောက် ဆုများကိုတစ်ခုချင်း ထုတ်ပြန်ကြေညာရာ ၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင် အသံထူးချွန် အကယ်ဒမီဆုကို ဦးမျိုးညွန့်က **"တောင်သမန်သစ္စာ"** ရုပ်ရှင်ဇာတ်ကားဖြင့် ဆွတ်ခူးရရှိသွားသည်။

ဦးမျိုးညွန့်သည် တောင်သမန်သစ္စာဇာတ်ကားတွင် ဇာတ်ကားတစ်ခုလုံး အသံ၏ကောင်းမွန်ခြင်း၊ အသံအနိမ့်အမြင့်၊ အသံ၏ အနီးအဝေး စသည့် အချက်များကို ပီပြင်စွာ တင်ဆက်နိုင်ခြင်းကြောင့် ၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင် အသံထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

## အကောင်းဆုံး ဇာတ်ညွှန်း

အကောင်းဆုံး ဇာတ်ညွှန်းဆုကို ဇော်မြင့်ဦးက **"တောင်သမန်သစ္စာ"** ဇာတ်ကားဖြင့်ပင် ဆွတ်ခူးနိုင်ခဲ့သည်။ ဇော်မြင့်ဦးသည် ဇာတ်ကားတစ်ကားလုံး အကောင်းဆုံးဖြစ်အောင် ညွှန်းဆိုရေးဖွဲ့နိုင်ခဲ့ခြင်းကြောင့် အကောင်းဆုံးဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

## တည်းဖြတ်ဆု

၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုကို ဇော်မင်း(ဟံသာမြေ)က ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးသည့် **"မျှော်လင့်ခြင်းများစွာ"** ဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

ဇော်မင်း (ဟံသာမြေ) သည် ဒါရိုက်တာ အကြိုက်၊ ပရိသတ် အကြိုက်၊ အသံနှင့်ရုပ် ကိုက်ညီမှု၊ အကောင်းဆုံး ရိုက်ချက်များဖြစ်အောင် စီစဉ်တည်းဖြတ်နိုင်ခဲ့၍ ၂၀၀၆ ခုနှစ်အတွက်အကောင်းဆုံးတည်းဖြတ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဇော်မင်း(ဟံသာမြေ) သည် ၂၀၀၄ ခုနှစ်က လျှို့ဝှက်သောနင်း ဇာတ်ကားဖြင့်လည်းကောင်း ရုပ်ရှင်တည်းဖြတ်ဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီး ဇော်မင်း(ဟံသာမြေ)က ပြောကြားရာတွင် **"ကျွန်တော် ဒီဆုကိုရရှိတဲ့အတွက် အထူးပဲ ဝမ်းသာပါတယ်။ ရုပ်ရှင်ဇာတ်ကားကောင်း တစ်ကားဖြစ်ရန် တည်းဖြတ်မှုဟာ အလွန်ပဲ အရေးကြီးပါတယ်။ နောင်လည်း အကောင်းဆုံးဆုများရရှိအောင် ကြိုးစားသွားမှာပါ"** ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

## ဓာတ်ပုံဆု

၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို သန်းညွန့်(ပန်းသာ)က ပန်းပျိုးသူတို့အလင်္ကာ ဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။ ကိုသန်းညွန့်(ပန်းသာ)သည် ပန်းပျိုးသူတို့ အလင်္ကာဇာတ်ကားတွင် အင်းလေးဒေသ၏ သဘာဝ၊ အင်းလေးဒေသ၏ လူမှုဘဝ၊ အင်းလေးဒေသ၏ အလှတရားများကို ဓာတ်ပုံပညာဖြင့် ထိထိမိမိ တင်ပြနိုင်ခဲ့ခြင်းကြောင့် အကောင်းဆုံး ဓာတ်ပုံထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

## အကောင်းဆုံး တေးဂီတဆု

၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံး တေးဂီတဆုကို ကိုသော်ဇင် လဝန်းအိမ်(မန္တလေး)က ပန်းပျိုးသူတို့ အလင်္ကာဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

ကိုသော်ဇင် လဝန်းအိမ်(မန္တလေး)က ပြောကြားရာတွင် **"ဇာတ်လမ်းတစ်ခုမှာ တေးဂီတရဲ့ အခန်းကဏ္ဍဟာ အရေးကြီးပါတယ်။ ဇာတ်အိမ်၊ ဇာတ်လမ်း ဇာတ်ကွက်ကို တေးဂီတဖြင့် ထိထိမိမိ ပေါင်းစပ် တင်ပြနိုင်မှသာ အကောင်းဆုံး ဖြစ်လာနိုင်ပါတယ်"** ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ယင်းဇာတ်ကားတွင် လူမင်း၊ နဝရတ်၊ ဇော်ဝမ်းတို့ ပါဝင်သရုပ်ဆောင်ထားကြပြီး အင်းလေးဒေသလူမှုဘဝကို ဖော်ကျူးထားသည်။

## အမျိုးသမီးဇာတ်ပို့ဆု

၂၀၀၆ ခုနှစ် အတွက် အမျိုးသမီးဇာတ်ပို့ဆုကို ဒါရိုက်တာ ဟိန်းစိုး ရိုက်ကူးသည့် ပန်းပျိုးသူတို့ အလင်္ကာဇာတ်ကားဖြင့် မေသဥ္ဇာဦးက ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ မေသဥ္ဇာဦးသည် ၂၀၀၁ ခုနှစ်ကလည်း နှလုံးလှလူမိုက် ဇာတ်ကားဖြင့် အကယ်ဒမီဆု ဆွတ်ခူးနိုင်ခဲ့သည်။ မေသဥ္ဇာဦးသည် ယင်းဇာတ်ကားတွင် အပျိုကြီးဒေါ်လေးသန့်အဖြစ် သရုပ်ဆောင်ထားပြီး ဇာတ်ကားတစ်ခုလုံး၏ ဇာတ်ရှိန်ကိုမြှင့်တင်ရာတွင် အဓိက ပံ့ပိုးပေးနိုင်ခဲ့ခြင်းကြောင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

## အကောင်းဆုံး ဇာတ်ကားဆု

၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံး ဇာတ်ကားဆုကို နဝရတ် ရုပ်ရှင် ထုတ်လုပ်ရေးမှ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးတင်ဆက်သည့် မျှော်လင့်ခြင်းများစွာ ဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

အကောင်းဆုံး ဇာတ်ကားဆု ဆွတ်ခူးနိုင်ခြင်းမှာ ဝတ္ထုဇာတ်လမ်း၏ အရည်အသွေးကောင်းမွန်မှု၊ ဇာတ်ပို့၊ ဇာတ်ရုံ၊ ဇာတ်ဆောင်များက သူ့နေရာနှင့်သူ အံဝင်ခွင်ကျ သရုပ်ဆောင်နိုင်မှု၊ ဇာတ်လမ်းကျောရိုးကောင်းမွန်မှု၊ မီးအလင်းအမှောင်၊ ဓာတ်ပုံပညာ အားလုံး ကောင်းမွန်မှသာ အကောင်းဆုံးဆု ဆွတ်ခူးနိုင်မည်ဖြစ်သည်။

ယင်းဇာတ်ကားသည် အခြားဇာတ်ကားများနှင့်မတူဘဲ တစ်မူထူးခြားနေသည်။ ချစ်ကြိုက်ညား ဇာတ်လမ်းများမှ ခွဲထွက်ကာ အိတ်ချ်အိုင်ဗွီပညာပေးဇာတ်လမ်းကို ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်သည်။ လူငယ်လူရွယ်များ HIV/AIDS ပညာပေးဇာတ်ကားဖြစ်သည်။

## အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု

၂၀၀၆ ခုနှစ်တွက် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို ဖိုးကျော်က မျှော်လင့်ခြင်းများစွာ ဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။ ဖိုးကျော်သည် ယင်းဇာတ်ကားတွင် စိုးမြတ်နန္ဒာ၏ အစ်ကိုအဖြစ် သရုပ်ဆောင်ထားသည်။

## အကောင်းဆုံး ဒါရိုက်တာဆု

၂၀၀၆ခုနှစ်အတွက် အကောင်းဆုံး ဒါရိုက်တာဆုကို လူငယ်ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)က နဝရတ်ရုပ်ရှင်ထုတ်လုပ်ရေးမှထုတ်လုပ်သော မျှော်လင့်ခြင်းများစွာ ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

မောင်မျိုးမင်း(ရင်တွင်းဖြစ်) သည်ယင်းဇာတ်ကားတွင် အကယ်ဒမီရန်အောင်၊ အကယ်ဒမီရဲအောင်၊ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ အကယ်ဒမီမေသဥ္ဇာဦးတို့ကို သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်အောင် ဇာတ်ဆောင်များ၏ သဘောသဘာဝကို ပီပြင်အောင် ရိုက်ကူး တင်ဆက်နိုင်ခဲ့ခြင်းကြောင့် အကောင်းဆုံး ဒါရိုက်တာဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အကယ်ဒမီ မောင်မျိုးမင်း(ရင်တွင်းဖြစ်)က ပြောကြားရာတွင် **"ကျွန်တော် ဒီဇာတ်ကားနဲ့ အကယ်ဒမီဆုရအောင် နဝရတ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ကမ်းလှမ်းခဲ့ပါတယ်။ ဇာတ်ကားတစ်ကား အောင်မြင်စွာ ရိုက်ကူးနိုင်ရေး အဘက်ဘက်မှ ကူညီအားပေးသူများ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော် ပန်းချီဆရာဘဝ၊ ဒါရိုက်တာဘဝ အနုပညာနဲ့ ပတ်သက်ပြီး ကူညီပေးခဲ့သူ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်"** ဟု ပြောကြားသွားသည်။

## အမျိုးသမီးဇာတ်ဆောင်ဆု

၂၀၀၆ ခုနှစ်အတွက် အမျိုးသမီး သရုပ်ဆောင် အကောင်းဆုံးဆုကို နန္ဒာလှိုင်က တောင်သမန်သစ္စာဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။ နန္ဒာလှိုင်က ပြောကြားရာတွင် **"ကျွန်မ ဒီ ၂၀၀၆ ခုနှစ်ထဲမှာ တောင်သမန်သစ္စာ ဇာတ်ကားနဲ့ ပြဒါးမဲ့မှန် ဇာတ်ကား နှစ်ကား ရိုက်ခဲ့ပါတယ်။ အကြိုက်ဆုံးကတော့ တောင်သမန်သစ္စာပါ။ ဒီဇာတ်ကားမှာ ဇာတ်ဆောင်နှစ်မျိုးနဲ့ သရုပ်ဆောင်ထားပါတယ်။ ဂုဏ်မာန အလွန်ကြီးတဲ့ ဒေါ်ခင်ခင်မြတ် အဖြစ်လည်းကောင်း၊ အကြော်သည်မလေး ရုပ်အဖြစ် နှစ်မျိုးသရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားဟာ နှစ်မျိုး သရုပ်ဆောင်ရတော့ အတော်လေး ကြိုးစားရပါတယ်"** ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

## အမျိုးသားသရုပ်ဆောင် အကောင်းဆုံးဆု

အမျိုးသား အကောင်းဆုံး သရုပ်ဆောင်ဆုကို သရုပ်ဆောင် ရန်အောင်က ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ ဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။ ရန်အောင်သည် ၁၉၉၁ခုနှစ်က မယ်သီတာလိုမိန်းကလေး၊ ၁၉၉၅ ခုနှစ်က ပုဂံမှာသာတဲ့လ၊ ၁၉၉၆ ခုနှစ်မှာ အလင်းဖျော့ကောင်းကင်၊ ၁၉၉၈ ခုနှစ်မှာ ညမင်းသား၊ ၂၀၀၀ ပြည့်နှစ်မှာ မောဟမျဉ်းပြိုင် ဇာတ်ကားများဖြင့် အကောင်းဆုံးရုပ်ရှင်သရုပ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

သရုပ်ဆောင် ရန်အောင်က ပြောကြားရာတွင် **"ကျွန်တော်ကတော့ သရုပ်ဆောင်တဲ့ ကားတိုင်းမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားပါတယ်။ ဒါရိုက်တာတွေခိုင်းတဲ့အတိုင်း အကောင်းဆုံးဖြစ်အောင် ကြိုးစား သရုပ်ဆောင်ပါတယ်။ အကယ်ဒမီ ရဖို့ဆိုတာကတော့ ဇာတ်လမ်း၊ ဝတ္ထု၊ ဒါရိုက်တာ အားလုံးကောင်းမှ ဖြစ်မှာပါ"** ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

## ကျေးဇူးတင်လွှာ

**ဤအကယ်ဒမီဆုပေးပွဲသတင်းနှင့် ဓာတ်ပုံများရရှိရန် ဝိုင်းဝန်းကူညီပေးသော ဌာနဆိုင်ရာများနှင့် ဓာတ်ပုံမှတ်တမ်းပြု ကူညီပေးသူ အောင်ထွန်းနိုင်(ပြည်မြန်မာ)အား ကျေးဇူးတင်ရှိပါကြောင်း။ ။**

**(မြန်မာ့အလင်း)**

**"ရုပ်ရှင်ဇာတ်ကားတိုင်းမှာ အားထည့် သရုပ်ဆောင်ခဲ့တာချည်းပါပဲ"**

(ခြောက်ထပ်ကွမ်း အကယ်ဒမီရန်အောင်)

# အကယ်ဒမီခြောက်ထပ်ကွမ်း သရုပ်ဆောင်ရန်အောင်၏ ကြိုတင်ရင်ဖွင့်စကား

**အမေးနှင့်အရေး—မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံမှတ်တမ်း—သိန်းဝင်းလေး(မြန်မာ့အလင်း)**

**ရန်ကုန် ဖေဖော်ဝါရီ ၇**

၂၀၀၆ ခုနှစ် အကယ်ဒမီဆုချီးမြှင့်ပွဲမှာ ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ရန်အောင်ဟာ **"ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ"** ရုပ်ရှင်ဇာတ်ကားနဲ့ အကောင်းဆုံး အမျိုးသားရုပ်ရှင်သရုပ်ဆောင်ဆုကို ဆွတ်ခူးရရှိသွားခဲ့ပြီ ဖြစ်ပါတယ်။

ဒီအကယ်ဒမီဆုဟာ ရုပ်ရှင်သရုပ်ဆောင် ရန်အောင်ရဲ့ ခြောက်ခုမြောက် အကယ်ဒမီဆုဖြစ်သလို ထူးထူးခြားခြား အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုတွေချည်း ရရှိခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ဒီလို အကယ်ဒမီဆုချီးမြှင့်ပွဲမတိုင်မီ ရုပ်ရှင်သရုပ်ဆောင်ရန်အောင် အိမ်ကို မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်ပြီး အကယ်ဒမီအကြိုရင်ခုန်သံအဖြစ် မေးမြန်းခဲ့တာကို မြန်မာ့အလင်းသတင်းစာမှာ ဖေဖော်ဝါရီ ၁ ရက်က ဖော်ပြပေးခဲ့ပြီးဖြစ်ပါတယ်။

အဲဒီတုန်းက ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီရန်အောင်ဟာ အကယ်ဒမီဆုအတွက် သူကိုယ်တိုင်လည်း ရင်ခုန်နေသလို သူ့ရဲ့ပရိသတ်အတွက်လည်း ရင်ခုန်သံ မျှဝေပေးခဲ့ပါတယ်။ အဲဒီစကားကတော့ ဖေဖော်ဝါရီ ၇ ရက်က ၂၀၀၆ ခုနှစ် အကောင်းဆုံး အမျိုးသားသရုပ်ဆောင် အကယ်ဒမီဆုချီးမြှင့်ပွဲမှာ ပြောခဲ့သလိုပါပဲ **"အကယ်ဒမီဆုငါးဆုရချိန်မှာ လက်ငါးချောင်းတစ်ဖက်ပြည့်ခဲ့ပြီလို့ ပြောခဲ့ပါတယ်။ အခုနောက်ထပ် လက်တစ်ဖက်ပြည့်အောင် အကယ်ဒမီဆုတွေရရှိဖို့ ကြိုးစားသွားမယ်"**လို့ ပြောခဲ့တဲ့အတိုင်း လက်တစ်ဖက်ရဲ့ ဗွေဆော်ဦး အကယ်ဒမီဆုကို ရရှိသွားခဲ့ပြီဖြစ်ပါတယ်။

၁၉၈၅ ခုနှစ်က ရုပ်ရှင်စတင် ရိုက်ကူးခဲ့တဲ့ သရုပ်ဆောင် အကယ်ဒမီ ရန်အောင်ဟာ ရုပ်ရှင်သက်တမ်းရလာတဲ့ အတွေ့အကြုံအရ သရုပ်ဆောင်သစ်တွေကို အကြံပြုတဲ့စကားနဲ့ပတ်သက်ပြီး **"မျိုးဆက်သစ်အနုပညာရှင်တွေ အများစုက မင်းသားပဲ ဖြစ်ချင်နေကြတယ်။ ကျွန်တော်က သရုပ်ဆောင်ကောင်းဖြစ်အောင် ကြိုးစားစေချင်ပါတယ်။ ဒါကလည်း အနုပညာ အရည်အချင်းရှိမှ ရုပ်ရှင်အနုပညာနယ်ပယ်မှာ ရေရှည်ရပ်တည်နိုင်မှာမို့ပါလို့ ပြောပြခဲ့ပါတယ်"**

ဒါ့အပြင် **"ရုပ်ရှင်တစ်ကားရိုက်တိုင်း ဒီကားမှာ အကယ်ဒမီရအောင် ကြိုးစားမယ်ဆိုတဲ့စိတ်နဲ့ သရုပ်ဆောင်ခဲ့တာမဟုတ်ဘဲ၊ ငါ့မှာရှိတဲ့ အနုပညာအားတွေ အပြည့်ထုတ်သုံးမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ရိုက်ကူးခဲ့တာချည်းပါပဲ"**လို့လည်း သူ့ခံစားမှုကို ပြောပြခဲ့ပါတယ်။

နောက်ပြီး **"သရုပ်ဆောင်တဲ့အခါတိုင်းမှာ ဇာတ်လမ်းထဲက ဇာတ်ရုပ်အတိုင်း အပြည့်ခံစားပြီး သရုပ်ဆောင်ခဲ့တာမို့ ဇာတ်ကားတစ်ကားရိုက်တိုင်း ပင်ပန်းပေမယ့် အဲဒီပင်ပန်းတဲ့စိတ်ကို ဖျောက်ဖျက်ပစ်နိုင်ခဲ့ပါတယ်"**လို့ အကယ်ဒမီ ရန်အောင်က ပြောကြားခဲ့ပါတယ်။

ဒါကြောင့် အကယ်ဒမီ ငါးထပ်ကွမ်းမှ အကယ်ဒမီ ခြောက်ထပ်ကွမ်း ရရှိခဲ့တဲ့ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ရန်အောင်ရဲ့ အနုပညာလှုပ်ရှားမှုတွေကို စောင့်မျှော်ကြည့်ရှုရဦးမှာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

**(မြန်မာ့အလင်း)**

# ပျော်မဆုံး၊ မော်မဆုံး၊ ဝမ်းသာမဆုံးဖြစ်ခဲ့သည့် ရုပ်ရှင်အနုပညာရှင်တို့၏ ၂၀၀၆ ခုနှစ် အကယ်ဒမီညချမ်း

ဓာတ်ပုံမှတ်တမ်း
အောင်ထွန်းနိုင်(ပြည်မြန်မာ)

## အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုရှင်

၂၀၀၆ခုနှစ် အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို 'ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ' ရုပ်ရှင်ဇာတ်ကားဖြင့် ရရှိသွားသည့် ရုပ်ရှင် သရုပ်ဆောင် အကယ်ဒမီ ခြောက်ထပ်ကွမ်း ရန်အောင်၏ အောင်မြင်မှုကို ဝမ်းသာအားရ ဝိုင်းဝန်းဂုဏ်ပြုကြသူများ။

ဓာတ်ပုံမှတ်တမ်း-
အောင်ထွန်းနိုင်(ပြည်မြန်မာ)

## အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုရှင်

'ကျွန်မ ရုပ်ရှင်သရုပ်ဆောင်ဘဝမှာ ပထမဆုံး ကျေးဇူးတင်ရမှာက ဆရာအောင်ထွန်းနိုင် (ပြည်မြန်မာ) ဖြစ်ပါတယ်၊ ကျေးဇူးတင်ပါတယ်ဆရာ'ဟု ကျေးဇူးတင် စကားပြောကြားခဲ့သည့် 'တောင်သမန်သစ္စာ' ဇာတ်ကားဖြင့် ၂၀၀၆ ခုနှစ် အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆု အကယ်ဒမီ နန္ဒာလှိုင်အား အကယ်ဒမီ မို့မို့မြင့်အောင်၏ ဝမ်းသာအားရ ပွေ့ဖက်ဂုဏ်ပြုမှု မြင်ကွင်း....

ဓာတ်ပုံမှတ်တမ်း-
အောင်ထွန်းနိုင်(ပြည်မြန်မာ)

## အကောင်းဆုံးဒါရိုက်တာဆုရှင်

'မျှော်လင့်ခြင်းများစွာ'ရုပ်ရှင် ဇာတ်ကားဖြင့် ၂၀၀၆ ခုနှစ် အကောင်းဆုံးဒါရိုက်တာဆုရရှိသွားသည့် ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ အောင်မြင်မှုကို ဤသို့ ဂုဏ်ယူနှုတ်ဆက်မှုများနှင့်အတူ....

ဓာတ်ပုံမှတ်တမ်း- အောင်ထွန်းနိုင်(ပြည်မြန်မာ)

'ပန်းပျိုးသူတို့အလင်္ကာ' ဇာတ်ကားဖြင့် အမျိုးသမီး ဇာတ်ပို့ဆု ဆွတ်ခူးသွားသော မေသဉ္ဇာဦးအား အနုပညာရှင် ညီအစ်မများက ဤသို့ ဝိုင်းဝန်း ဂုဏ်ပြု နှုတ်ဆက်ကြသည်။

ဓာတ်ပုံမှတ်တမ်း-
အောင်ထွန်းနိုင်(ပြည်မြန်မာ)

ခြောက်ထပ်ကွမ်း အကယ်ဒမီပိုင်ရှင်ဖြစ်သွားသည့် ရုပ်ရှင်သရုပ်ဆောင် ရန်အောင်အား အကယ်ဒမီ မေသန်းနုနှင့် ရုပ်ရှင်ညီအစ်ကိုမောင်နှမများ၏ ဂုဏ်ယူအပြုံးများကလည်း နှလုံးပီတိဂွမ်းဆီထိသို့....

ဓာတ်ပုံမှတ်တမ်း-အောင်ထွန်းနိုင်(ပြည်မြန်မာ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရရှိသော ဖိုးကျော်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရရှိသော မောင်မျိုးမင်း (ရင်တွင်းဖြစ်)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရရှိသော ရန်အောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၁၁ မှ*

ဆောင်ရွက်သည်နှင့်အညီ တစ်ဖက်ကလည်း ပြည်တွင်းရုပ်ရှင်ပြသမှုစနစ် အရည်အသွေးမြင့်မားလာအောင် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ရုပ်ရှင်လောကသားများ အနေဖြင့် ရုပ်ရှင်ပြသမှုစနစ်ကိုလည်း ယနေ့သုံးနေသော Analogue စနစ်မှ E-Cinema, D-Cinema စနစ်များကို တက်လှမ်းရန်ကြိုးပမ်းကြရမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း၊ အလားတူ ပြည်တွင်းရုပ်ရှင်ပြသမှုစနစ် အဆင့်မြင့် လာသည်နှင့်အညီ ရုပ်ရှင်ရုံများ ခေတ်မီအောင်၊ အဆင့်မြင့်အောင်လည်း ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

## ရည်မှန်းချက်(၅)ရပ်

မိမိတို့အနေဖြင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများ ဆောင်ရွက်ရမည့် ရည်မှန်းချက်(၅)ရပ်ကို ညှိနှိုင်းချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

ယင်းတို့မှာ–

(၁) ရုပ်ရှင်လောကသားများရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စည်းလုံးညီညွတ်ရေးကို အလေးထားဆောင်ရွက်ကြရန်။

(၂) မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုထုတ်လုပ်မှု၊ စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရန်။

(၃) မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်ကားများရဲ့အဆင့်အတန်း အရည်အသွေး မြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရန်။

(၄) မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်ကြရန်။

(၅) နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်များကို နိုင်ငံတော်အစိုးရနဲ့အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရန်

ဟူသည့် အချက်များဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများက ရည်မှန်းချက်(၅)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ထို့အပြင် မိမိတို့အနေဖြင့် ၂၀၀၅ ခုနှစ်ကတည်းက မှာကြားတိုက်တွန်းခဲ့သည့် ရုပ်ရှင်လောက တိုးတက်ရေးလုပ်ငန်းစဉ် (၁၂)ရပ်ကိုပါ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဦးဆောင်ပြီး ရုပ်ရှင်လောကသားအားလုံး တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါဟု ထပ်မံတိုက်တွန်းမှာကြားလိုကြောင်း။

ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ကြရာတွင် အခက်အခဲများ၊ ဝိရောဓိများ အများအပြားနှင့် ကြုံတွေ့ကောင်း ကြုံတွေ့ကြရမှာဖြစ်ရာ ယခုကဲ့သို့ ကြုံတွေ့လာသော အခက်အခဲများ၊ စိန်ခေါ်မှုများကို အောင်မြင်ကျော်လွှားနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရာတွင်–

(၁) ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ရည်မှန်းချက်၊

(၂) အတ္တပရမ္ပတစ္စာ ဆောင်ရွက်မှု၊

(၃) ဖွဲ့လုံ့လ၊ ဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်မှု၊

(၄) စည်းလုံးညီညွတ်မှု၊

(၅) ပူးပေါင်းဆောင်ရွက်မှု၊

(၆) စိတ်ရှည်သည်းခံ နားလည်ခွင့်လွှတ်မှု

ဆိုသည့် အချက်များကို အခြေခံပြီး ဖြေရှင်းဆောင်ရွက်သွားကြမည်ဆိုလျှင် မအောင်မြင်နိုင်စရာမရှိဘူးဟု ယုံကြည်မိပါကြောင်း။

## အင်တိုက်အားတိုက်

ရုပ်ရှင်လောကသားများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး ကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုကာလ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေး ကြိုးပမ်းမှုကာလများတွင် တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် တက်ကြွစည်းလုံးစွာ ပါဝင်ခဲ့ကြသကဲ့သို့ ယနေ့ခေတ် မျက်မှောက်ကာလမှာလည်း တက်ကြွညီညွတ်စွာ ပါဝင်နေကြသည်ကို တွေ့ရကြောင်း၊ အနာဂတ်မှာလည်း ပြည်ထောက်စုစိတ်ဓာတ်နှင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်အစိုးရက ယနေ့ဆောင်ရွက်နေသည့် အဆင့်(၇)ဆင့်ဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားကြပါဟု ထပ်မံ တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် –

- **ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများအားလုံးက ကြိုးပမ်းဆောင်ရွက်ကြပါ။**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရရှိသော နန္ဒာလှိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

- **မြန်မာ့ရုပ်ရှင်လောက၏ အသက်ဟုဆိုရမည့် ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးနှင့် ဈေးကွက်ကျယ်ပြန့်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြပါ။**
- **မြန်မာ့ရုပ်ရှင်ဇာတ်ကားများ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် လိုအပ်မည့်စက်ပစ္စည်းများ၊ Studio များ၊ ပြည်ပနှင့်ပူးပေါင်းရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရုပ်ရှင်ပြသရေးစနစ်နှင့် ရုပ်ရှင်ရုံများ နိုင်ငံတကာအဆင့်မီဖြစ်အောင် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ကြပါ။**
- **မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်၊ အမျိုးသားစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေးကို ရုပ်ရှင်ပညာဖြင့် ကူညီပံ့ပိုးဆောင်ရွက်ကြပါ။**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရရှိကြသည့် အမည်စာရင်းများကို အကယ်ဒမီဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များက ကြေညာကြရာ အကောင်းဆုံးရုပ်ရှင်အသံထူးချွန်ဆုကို တောင်သမန်သစ္စာရုပ်ရှင်ဇာတ်ကားမှ ဦးမျိုးညွန့်က လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုကို တောင်သမန်သစ္စာရုပ်ရှင်ဇာတ်ကားမှ ဇော်မြင့်ဦးက လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားတည်းဖြတ်ဆုကို မျှော်လင့်ခြင်းများစွာရုပ်ရှင်ဇာတ်ကားမှ ဇော်မင်း(ဟံသာမြေ)က လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို ပန်းပျိုးသူတို့အလက်ာ ရုပ်ရှင်ဇာတ်ကားမှ သန်းညွန့်(ပန်းသာ)က လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို ပန်းပျိုးသူတို့အလင်္ကာရုပ်ရှင်ဇာတ်ကားမှ ကိုသော်ဇင်(လဝန်းအိမ်)က လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ပန်းပျိုးသူတို့အလင်္ကာ ရုပ်ရှင်ဇာတ်ကားမှ မေသဉ္ဇာဦးက လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို နဝရတ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် မျှော်လင့်ခြင်းများစွာ ရုပ်ရှင်ဇာတ်ကားကလည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို မျှော်လင့်ခြင်းများစွာရုပ်ရှင်ဇာတ်ကားမှ ဖိုးကျော်က လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို မျှော်လင့်ခြင်းများစွာ ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ မောင်မျိုးမင်း(ရင်တွင်းဖြစ်)က လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကို တောင်သမန်သစ္စာရုပ်ရှင်ဇာတ်ကားမှ နန္ဒာလှိုင်က လည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာရုပ်ရှင်ဇာတ်ကားမှ ရန်အောင်က လည်းကောင်း ရရှိကြောင်း ကြေညာပြီး ဆုတစ်ဆုချင်းအလိုက် ရှင်းလင်းချက်များနှင့်အတူ အကောင်းဆုံးသရုပ်ဆောင်မှုအပိုင်းများကို ထုတ်နုတ်ပြသသည်။

## ပေးအပ်ချီးမြှင့်

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသူများအား ရွှေစင်ရုပ်ဆုကို တစ်ဦးချင်းသို့ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသူများက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့အား သွားရောက်ဂါရဝပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီဆု)ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၈–၂–၂၀၀၈ရက်(သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓမ္မာ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၅ | ၅။ | လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင် |
| ၈:၀၀ | ၆။ | ကြေးမုံရိပ်သွင်တေးနှယ်ဉ် |
| ၈:၁၀ | ၇။ | အကပြိုင်ပွဲ |
| ၈:၁၅ | ၈။ | (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | English for Everyday Use |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒ အထူးပြု) [သတ္တဗေဒ] |
| ၁၆:၄၅ | ၄။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၁၇:၀၀ | ၅။ | (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၇:၁၅ | ၆။ | မြန်မာစာ၊ မြန်မာစကား |
| ၁၇:၂၀ | ၇။ | ဘဝသစ်ရဲ့စာမျက်နှာ ငြိမ်းချမ်း၊ မြတ်ကေသီအောင်၊ စိုးပြည့်သဇင် ဒါရိုက်တာ–အောင်မိုး(ပဲရစ်) |
| ၁၇:၃၀ | ၈။ | နှောင်းခေတ်တေးပဒေသာ |
| ၁၇:၄၅ | ၉။ | (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၈:၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၂။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၁၉:၁၅ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့်ဆုံစည်းခြင်း** (အပိုင်း–၆) |
| ၁၉:၄၅ | ၁၄။ | ပြည်ထောင်စုစိတ်ဓာတ် မပြုတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု) |
| ၂၀:၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူများ** (အပိုင်း–၂၅) |

**သာယာမည်**

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၈–၂–၂၀၀၈ (သောကြာနေ့)**

**AM & PM**

| | |
|---|---|
| ၇:၀၀–၁:၀၀ | MRTV-4 အဖွင့်Logo ယနေ့အစီအစဉ် |
| ၇:၀၅–၁:၀၅ | **တရားအရှုပ် နာနာခုတ်** တရားတော်(ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ) |
| ၈:၁၀–၂:၁၀ | အလုံမြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓသာသနာ့နုဂ္ဂဟ ဆွမ်းကြီးလောင်းအသင်း (၈၁)ကြိမ်မြောက် ဆွမ်းကြီးလောင်းပွဲတော် |
| ၈:၃၀–၂:၃၀ | ကရင်ရိုးရာ ဝတ်စားဆင်ယင်မှု |
| ၈:၃၅–၂:၃၅ | တေးဂီတအစီအစဉ် |
| ၈:၄၀–၂:၄၀ | Myanmar Video Rhythm |
| ၉:၀၅–၃:၀၅ | မြူတိမ်ကင်းသောနေ့ (အကယ်ဒမီ ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ ပုလဲဝင်း) [ဒါရိုက်တာ–သိန်းဟန် (ဖိုးနစ်)] |
| ၉:၁၅–၃:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၅–၃:၂၅ | တေးဂီတအစီအစဉ် |
| ၉:၃၀–၃:၃၀ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၉:၄၅–၃:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၅၀–၃:၅၀ | တေးဂီတအစီအစဉ် |
| ၉:၅၅–၃:၅၅ | ကုံရာသီထမနဲပွဲ |
| ၁၀:၀၅–၄:၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၁၀–၄:၁၀ | တေးဂီတအစီအစဉ် |
| ၁၀:၁၅–၄:၁၅ | ART VISION In Buddha's Land Photo Exhibition MOE MIN (RAYS) |
| ၁၀:၃၅–၄:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၄၅–၄:၄၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (မြင်းမိုရ် ထက်ကလူ ဗီဒီယိုဇာတ်ကားရိုက်ကွင်း အမှတ်တရ) |
| ၁၁:၀၅–၅:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၁၀–၅:၁၀ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၁၁:၃၅–၅:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀–၅:၄၀ | သစ်ခွ |
| ၁၂:၀၀–၆:၀၀ | တေးဂီတအစီအစဉ် |
| ၁၂:၀၅–၆:၀၅ | လေလှိုင်းမှ ဖြေကြားပရိသတ်များအမေးစကား |
| ၁၂:၂၅–၆:၂၅ | ဖူးစာဖက်တို့ဆုံစည်းဖို့ရာ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ် |
| ၁၂:၃၅–၆:၃၅ | VJ Choice |
| ၁:၀၀–၇:၀၀ | MRTV-4အပိတ်Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
# ပြည်လမ်း၊ ရန်ကုန်မြို့

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။**

## တက္ကသိုလ်ဝင် စာမေးပွဲ
## သိမှတ်ဖွယ်ရာ သင်္ချာ

တက္ကသိုလ်ဝင် သင်္ချာသင်ရိုးမှာ ပါရှိတဲ့အကြောင်းအရာများအနက် ကျောင်းသား၊ ကျောင်းသူများ သိသင့် သိအပ်တဲ့ အချက်အလက်အချို့ကို စာမေးပွဲ အထောက်အကူပြုအဖြစ် ဒီကနေ့ ပို့ချသွားမှာဖြစ်ပါတယ်။ ပထမဆုံး Chapter 1 Function များအကြောင်း ရှင်းပြပါမယ်။

ဒီအခန်းမှာ ဦးစွာပထမ အခြေခံသဘောတရားတွေဖြစ်တဲ့ Function တစ်ခုရဲ့အဓိပ္ပာယ်၊ Function တစ်ခုရဲ့ domain, codomain နဲ့ range တို့ရဲ့အဓိပ္ပာယ်၊ domain ထဲက element တစ်ခုရဲ့ image စသည်တို့ရဲ့ အဓိပ္ပာယ်များကို ကောင်းစွာ နားလည် မှတ်မိနေဖို့လိုပါတယ်။ ဒီအခြေခံအချက်အလက်တွေ ပြီးရင် သိရမယ့် သဘောတရားတစ်ခုကတော့ Function များ ပေါင်းစပ်ခြင်း (Composition of Functions) ပဲဖြစ်ပါတယ်။

Function နှစ်ခုရယ် ၎င်းတို့ရဲ့ Composite function ရယ် စုစုပေါင်း function သုံးခုရှိတဲ့အနက် ကြိုက်ရာ function နှစ်ခု ပေးထားပြီး ကျန်တစ်ခုရှာခိုင်းတဲ့ ပုစ္ဆာမျိုးတွေကို လေ့လာထား သင့်ပါတယ်။ Composite function တွေပါဝင်တဲ့ ပုစ္ဆာတွေ ဖြေရှင်းရာမှာ bracket များရဲ့ အထားအသို မှန်ကန်တိကျဖို့လည်း ဂရုစိုက်ရပါမယ်။

ဒီအခန်းမှာ နောက်သိရမယ့် သဘောတရားတစ်ခုက inverse function အကြောင်းပဲ ဖြစ်ပါတယ်။ Function တစ်ခု f နဲ့ သူ့ရဲ့ ပြောင်းပြန် Function $f^{-1}$ ရဲ့ formula နှစ်ခုအနက် တစ်ခုကိုပေးထားတဲ့အခါ ကျန်တဲ့တစ်ခုရဲ့ formula ရှာတတ်အောင် လေ့ကျင့်ထားသင့်ပါတယ်။ $f^{-1}$ သင်္ကေတနဲ့ Chapter 12 Calculus အခန်းမှာပါတဲ့ function တစ်ခု f ရဲ့ derivative သင်္ကေတ $f'$ နဲ့ မှားယွင်း မသုံးမိဖို့လည်း သတိထားရပါမယ်။ ဒီအခန်းမှာ binary operation ရဲ့အဓိပ္ပာယ်နဲ့ binary operation ဟုတ်မဟုတ် ဆန်းစစ်နည်းများကိုလည်း သိထားသင့်ပါတယ်။

ယခုဆက်လက်ပြီး Chapter 2 The Remainder Theorem and The Factor Theorem အကြောင်းနဲ့ ပတ်သက်လို့ ရှင်းပြပါမယ်။ ဒီအခန်းမှာ ဦးစွာပထမ polynomial တစ်ခုရဲ့ အဓိပ္ပာယ်နဲ့ remainder theorem တို့ သိရှိဖို့ လိုအပ်ပါတယ်။ polynomial တစ်ခု f(x) ပေးထားပြီး လိုအပ်တဲ့အကြွင်းတွေ ရှာခိုင်းရင် ရှာတတ်ဖို့လိုသလို polynomial တစ်ခု f(x) နဲ့ အကြွင်းတွေ ပေးထားပြီး polynomial ထဲက မသိသေးတဲ့ မြှောက်ဖော်ကိန်းတွေ တွက်ထုတ်တတ်အောင်လည်း လေ့ကျင့်ထားသင့်ပါတယ်။ ဒီအခန်းမှာ သိရမယ့် နောက်သီအိုရမ်တစ်ခုကတော့ factor theorem ပဲ ဖြစ်ပါတယ်။ factor theorem ကိုသုံးပြီး polynomial တစ်ခု ပေးထားတဲ့အခါ သူ့ရဲ့ factor တွေရှာတတ်အောင်၊ polynomial equation တစ်ခုကို ဖြေရှင်းတတ်အောင်၊ polynomial တစ်ခုရဲ့ factor အချို့ ပေးထားပြီး polynomial ထဲမှာပါနေတဲ့ မသိသေးတဲ့ coefficient များ ရှာတတ်အောင်လည်း လေ့ကျင့်ထားသင့်ပါတယ်။

ယခုဆက်လက်ပြီး Chapter 3 The Binomial Theorem နဲ့ သက်ဆိုင်တဲ့ အချက်တွေကို ရှင်းပြပါမယ်။ ဒီအခန်းမှာ $(x+y)^n$ binomial တစ်ခုကို အကျယ်ဖြန့်ရင် ရရှိမယ့် အဖြေကိုပေးတဲ့ binomial theorem ကို နားလည်မှတ်မိနေဖို့ လိုပါတယ်။ အဲဒီအကျယ်ဖြန့်ခြင်းမှာ ပါဝင်တဲ့ ကိန်းလုံးအရေအတွက်နဲ့ ယေဘုယျကိန်းလုံးဖြစ်တဲ့ (r+1) အကြိမ်မြောက် ကိန်းလုံးရဲ့ ပုံသေနည်းကိုလည်း သိထားရပါမယ်။ Binomial တစ်ခုပေးထားရင် သူ့ကိုအကျယ်ဖြန့်တတ်အောင်နဲ့ လိုအပ်တဲ့ ကိန်းလုံးတစ်လုံးကို ရှာတတ်အောင် လေ့ကျင့်ထားသင့်ပါတယ်။ Binomial ပုစ္ဆာများဖြေရှင်းရာမှာ ပုစ္ဆာက $4^{th}$ term ကိုမေးခဲ့ရင် $(r+1)^{th}$ term မှာ r နေရာမှာ 4 မထည့်ဘဲ 3 ထည့်မှ $4^{th}$ term ကိုရမှာ ဖြစ်တယ်ဆိုတာကို သတိပြုဖို့ လိုပါတယ်။

ယခုဆက်လက်ပြီး Chapter 4 Inequation များအကြောင်း ရှင်းပြပါမယ်။ ဒီအခန်းနဲ့ ပတ်သက်လို့ကတော့ ပေးထားတဲ့ Quadratic Inequation တစ်ခုရဲ့ solution set ကို algebraic method နဲ့ graphical method များကို အသုံးပြုပြီး တွက်ထုတ်တတ်အောင် လေ့ကျင့်ထားရပါမယ်။ algebraic method ကိုသုံးရင် and နဲ့ or တို့ကို သူ့နေရာနဲ့သူ မှန်ကန်စွာ အသုံးချတတ်ဖို့ လိုအပ်ပါတယ်။ graphical method ကို အသုံးပြုတဲ့အခါမှာလည်း quadratic expression ဖြစ်တဲ့ $ax^2 + bx + c$ ကို y နဲ့ ညီတယ်လို့ဦးစွာထားပြီးမှ အဲဒီညီမျှခြင်းရဲ့ graph ကို ဆွဲရမယ်ဆိုတာ သတိပြုရပါမယ်။ မေးခွန်းက graphical method နဲ့ တွက်ခိုင်းရင် graphical method နဲ့ တွက်မှ အမှတ်ရမှာဖြစ်သလို algebraic method နဲ့ တွက်ခိုင်းရင် algebraic method နဲ့ တွက်မှ အမှတ်ရမယ်ဆိုတဲ့ အချက်ကို အထူးသတိပြုဖို့ လိုပါတယ်။ ဘယ်နည်းနဲ့ တွက်ပါလို့ ပုစ္ဆာမှာ ပြောမထားရင်တော့ မိမိတို့ကြိုက်နှစ်သက်တဲ့ နည်းနဲ့ တွက်နိုင်ပါတယ်။

ယခုဆက်လက်ပြီး Chapter 5 Sequences and Series အကြောင်း ရှင်းပြပါမယ်။ ဒီအခန်းမှာ A.P ကိန်းစဉ်နဲ့ G.P ကိန်းစဉ်များရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်များကို နားလည်မှတ်မိနေဖို့ ဦးစွာလိုအပ်ပါတယ်။ အဲဒီနောက် A.P ကိန်းစဉ်တစ်ခုရဲ့ n ကြိမ်မြောက်ကိန်းလုံး $U_n$ ကိုပေးတဲ့ ပုံသေနည်းနဲ့ ရှေ့ဆုံးကိန်း n ခုရဲ့ ပေါင်းလဒ် $S_n$ ကိုပေးတဲ့ ပုံသေနည်းများကို နားလည်မှတ်မိနေဖို့ လိုပါတယ်။

အလားတူစွာ G.P ကိန်းစဉ်တစ်ခုရဲ့ n ကြိမ်မြောက် ကိန်းလုံး $U_n$ ကို ပေးတဲ့ ပုံသေနည်း၊ ရှေ့ဆုံးကိန်း n ခုရဲ့ပေါင်းလဒ် $S_n$ ကိုပေးတဲ့ ပုံသေနည်း၊ A.M ကိန်းနဲ့ G.M ကိန်းများရဲ့ အဓိပ္ပာယ်နဲ့ပုံသေနည်းများကိုလည်း သေသေချာချာ နားလည်မှတ်မိနေဖို့ လိုအပ်ပါတယ်။ G.P ကိန်းစဉ်တစ်ခုအတွက် ဘယ်အချိန်မှာ The sum to infinity ရှိတယ်၊ ရှိခဲ့ရင် သူ့ရဲ့တန်ဖိုး ဘယ်လောက်ဆိုတာလည်း နားလည်မှတ်မိရမှာ ဖြစ်ပါတယ်။

ဒီအခန်းက ပုစ္ဆာတွေဖြေရှင်းရာမှာ သတိထားရမယ့် အချက်များကတော့ ပုစ္ဆာရဲ့ပေးထားချက်များကို သေသေချာချာဖတ်ရှုပြီး သူ့နေရာနဲ့သူ မှန်ကန်တဲ့ပုံသေနည်းများသုံးဖို့၊ $U_n$ နဲ့ $S_n$ ပုံသေနည်းများ မှားယွင်း မသုံးမိဖို့၊ ပုံသေနည်းများ အစားထိုးရာမှာလည်း အရေးအသား စနစ်ကျဖို့ ဖြစ်ပါတယ်။

ယခုဆက်လက်ပြီး Chapter 6 Matrices အကြောင်း ရှင်းပြပါမယ်။ ဒီအခန်းမှာ Matrix တစ်ခုရဲ့ order၊ matrix နှစ်ခုတူညီခြင်း၊ matrix တစ်ခုရဲ့ transpose၊ matrix နှစ်ခုပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ matrix တစ်ခုနဲ့ ကိန်းတစ်ခုမြှောက်ခြင်း၊ zero matrix၊ unit matrix စသည်တို့ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်များကို သဘောပေါက် မှတ်မိနေဖို့ လိုပါတယ်။

$2 \times 2$ matrix တစ်ခုရဲ့ determinant နဲ့ inverse matrix ရဲ့ အဓိပ္ပာယ်၊ inverse matrix ရဲ့ ပုံသေနည်းနဲ့ singular matrix၊ nonsingular matrix တို့ရဲ့ အဓိပ္ပာယ်များကိုလည်း နားလည် မှတ်မိဖို့ လိုအပ်ပါတယ်။ ဒီအခန်းမှာ matrix equation တွေကို ဖြေရှင်းပုံများ၊ မသိကိန်းနှစ်ခု၊ ညီမျှခြင်းနှစ်ခု ပါဝင်တဲ့ system of linear equations များကို matrix နည်းနဲ့ဖြေရှင်းပုံများကို တတ်မြောက်ထားဖို့ လိုအပ်ပါတယ်။ matrix တစ်ခုရဲ့ inverse သင်္ကေတနဲ့ transpose သင်္ကေတ မှားယွင်း အသုံးမပြုမိဖို့လည်း သတိထားသင့်ပါတယ်။

ယခုဆက်လက်ပြီး Chapter 7 Introduction to Statistics and Probability အကြောင်း ရှင်းပြပါမယ်။ ဒီအခန်းမှာ ကိန်းအစုအဝေးတစ်ခု တွေ့လာရင် အဲဒီကိန်းအစုအဝေးနဲ့ ပတ်သက်ပြီး လေ့လာသင့်တဲ့ ကိန်းတန်ဖိုးသုံးခုဖြစ်တဲ့ mean၊ median နဲ့ mode တို့ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ပုံသေနည်းများနဲ့ တွက်ထုတ်ပုံ၊ တွက်ထုတ်နည်းများကို သိရှိနားလည်ဖို့ လိုအပ်ပါတယ်။ အဲဒီအပြင် possible outcome၊ favourable outcome နဲ့ Probability ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တို့ကို ကောင်းစွာ သဘောပေါက် သိရှိထားရပါမယ်။ Probability တန်ဖိုးတွက်ထုတ်ဖို့ possible outcome တွေကိုရှာတဲ့အခါ tree diagram ဆွဲရှာပါ၊ table တည်ဆောက်ပြီးရှာပါ စသည်ဖြင့် ကန့်သတ်ထားခဲ့ရင် ကန့်သတ်ချက်နဲ့အညီ ရှာဖို့လိုပါတယ်။ ကန့်သတ်ချက် မရှိရင်တော့ မိမိတို့ကြိုက်တဲ့ နည်းနဲ့ ရှာလို့ရပါတယ်။ A နဲ့ B ဟာ ဖြစ်ရပ် နှစ်ခုလို့ထားခဲ့ရင် P (A or B), P (A and B), P ( not A) တို့ကို တွက်ထုတ်တဲ့ ပုံသေနည်းများကို သိရှိဖို့နဲ့ ၎င်းတို့ကို ပုစ္ဆာများဖြေရှင်းရာမှာ မှန်ကန်စွာ အသုံးချတတ်ဖို့လည်းလိုပါတယ်။ အဲဒီအပြင် စမ်းသပ်မှုတစ်ခုကို အကြိမ်ပေါင်းများစွာပြုလုပ်တဲ့အခါ မိမိတို့စိတ်ဝင်စားတဲ့ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်မယ့်အကြိမ် မျှော်မှန်းချက် excepted frequency ကို တွက်ထုတ်တဲ့ ပုံသေနည်းကိုလည်း သိထားရပါမယ်။

ယခုဆက်လက်ပြီး Chapter 8 Circles အကြောင်းရှင်းပြပါမယ်။ ဒီအခန်းမှာ ရှေးဦးစွာ စက်ဝိုင်းတစ်ခုထဲက ထောင့်များနဲ့ပတ်သက်တဲ့ သီအိုရမ်နဲ့ ကော်ရော်လာရီများကို သိထားဖို့ လိုအပ်ပါတယ်။

အဲဒီနောက် စက်ဝိုင်းတစ်ခုမှာ ဆွဲသားထားတဲ့ လေးကြိုးမျဉ်း၊ ဝန်းထိမျဉ်း၊ ဝန်းဖြတ်မျဉ်းတို့ရဲ့ အလျားများ ဆက်သွယ်ပုံကိုပေးတဲ့ သီအိုရမ်များ၊ ပြင်ညီတစ်ခုထဲမှာရှိတဲ့ အမှတ်လေးမှတ် concyclic ဖြစ်စေဖို့ လုံလောက်တဲ့ အခြေအနေတွေကိုပေးတဲ့ သီအိုရမ်များကို ကောင်းစွာနားလည်မှတ်မိနေဖို့ လိုပါတယ်။ ဒီသီအိုရမ်များနဲ့ကော်ရော်လာရီများကို ပုစ္ဆာများဖြေရှင်းတဲ့အခါ သူ့နေရာနှင့်သူ အံဝင်ခွင်ကျ အသုံးချတတ်အောင်လည်း လေ့ကျင့်ထားရပါမယ်။ ဒီ Chapter က Geometry ပုစ္ဆာများဖြေရှင်းရာမှာ line သင်္ကေတ၊ ray သင်္ကေတ၊ segment သင်္ကေတ၊ angle သင်္ကေတ၊ similarity သင်္ကေတနဲ့ congruence သင်္ကေတများကို မှန်မှန်ကန်ကန် သုံးစွဲတတ်ဖို့ အထူးသတိပြုရပါမယ်။

ယခုဆက်လက်ပြီး Chapter 9 Areas of Similar Trangles အကြောင်း ရှင်းပြပါမယ်။ ဒီအခန်းမှာ တြိဂံနှစ်ခု သဏ္ဍာန်တူခဲ့ရင် သူတို့ရဲ့ ဧရိယာများအချိုးနဲ့ လိုက်ဖက်အနားများ၊ လိုက်ဖက် အမြင့်မျဉ်းများ၊ လိုက်ဖက်အလယ်မျဉ်းများ၊ လိုက်ဖက်ထောင့် ထက်ဝက်ပိုင်းမျဉ်းများရဲ့ အလျားများ ဆက်သွယ်ပုံ မှန်ကန်ချက်များကို သိရှိဖို့လိုပါတယ်။ ဒီအခန်းက ပုစ္ဆာတွေတွက်ချက်ရာမှာလည်း ရှေ့အခန်း Chapter 8 မှာလို ဂျီဩမေတြီသင်္ကေတများ မှန်မှန်ကန်ကန် သုံးစွဲဖို့ လိုအပ်ပါတယ်။

ယခုဆက်လက်ပြီး Chapter 10 Vectors and Transformation Geometry အကြောင်း ရှင်းပြပါမယ်။ Vector တွေနဲ့ ပတ်သက်ပြီး အခြေခံသဘောတရားတွေဖြစ်တဲ့ vector တစ်ခုရဲ့အဓိပ္ပာယ် သတ်မှတ်ချက်၊ vector နှစ်ခုတူညီခြင်း၊ vector တစ်ခုရဲ့ negative vector၊ zero vector၊ unit vector၊ vector နှစ်ခုပြိုင်ခြင်း၊ vector နှစ်ခုပေါင်းခြင်း၊ နုတ်ခြင်း၊ vector တစ်ခုနဲ့ကိန်းတစ်ခုမြှောက်ခြင်း၊ position vector စသည့် သဘောတရားများကို သေသေချာချာ နားလည်မှတ်မိနေဖို့ လိုပါတယ်။ vector နှစ်ခုပြိုင်ခဲ့ရင်သူတို့နှစ်ခု ကြားမှာရှိတဲ့ ဆက်သွယ်ချက်၊ အမှတ်သုံးမှတ် မျဉ်းတစ်ဖြောင့်တည်းကျခဲ့ရင် အဲဒီအမှတ်တွေကို ဆက်သွယ်လို့ရရှိတဲ့ vector များ ကြားမှာရှိတဲ့ ဆက်သွယ်ချက်တို့ကိုလည်း သိထားရပါမယ်။ vector တွေကို သုံးပြီး ဂျီဩမေတြီပုစ္ဆာများ ဖြေရှင်းပုံကိုလည်း လေ့လာထားသင့်ပါတယ်။ Section formula နဲ့ midpoint formula များဟာလဲ အချို့ပုစ္ဆာများ တွက်ချက်ရာမှာ အသုံးဝင်တာမို့ မှတ်သားထားရပါမယ်။ ဒီပုံသေနည်းတွေအပြင် XY- ကိုဩဒိနိတ်ပြင်ညီထဲက vector တွေနဲ့ ပတ်သက်တဲ့ ပုံသေနည်းတွေလည်း နားလည်မှတ်မိနေဖို့ လိုအပ်ပါတယ်။ vector ပုစ္ဆာများ ဖြေရှင်းရာမှာ vector သင်္ကေတဖြစ်တဲ့ အောက်ဘက်မှ bar များမကျန်အောင် သတိထားကြရပါမယ်။ ဗက်တာသင်္ကေတနဲ့ မျဉ်းပိုင်း segment သင်္ကေတ မှားယွင်းမသုံးမိဖို့လဲ ဂရုပြုကြရပါမယ်။ ဒီ Chapter ရဲ့ Transformation Geometry အပိုင်းမှာတော့ အခြေခံ transformation တွေဖြစ်တဲ့ reflection၊ rotation၊ translation တွေရဲ့အဓိပ္ပာယ်နဲ့ သူတို့ကို ကိုယ်စားပြုတဲ့ matrix များကို ကျက်မှတ်ထားပြီး ပေးထားတဲ့ အမှတ်တွေရဲ့ ပုံရိပ်များ ရှာတတ်အောင် လေ့ကျင့်ထားသင့်ပါတယ်။

ယခုဆက်လက်ပြီး Chapter 11 Trigonometry အကြောင်း ရှင်းပြပါမယ်။ ဒီအခန်းမှာ ဦးစွာ ပထမ စက်ဝိုင်းတစ်ခုက degree နဲ့ radian ယူနစ်များ ဆက်သွယ်ပုံ၊ အဝန်းပိုင်းတစ်ခုရဲ့ အလျားနဲ့ စက်ဝိုင်းစိတ်တစ်ခုရဲ့ဧရိယာကို ပေးတဲ့ ပုံသေနည်းများကို သိထားရပါမယ်။ အဲဒီနောက် Trigonometric အချိုး (၆) ချိုးရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်၊ basic acute angle သဘောတရားနဲ့ အခြေခံပုံသေနည်းများ၊ compound angle formula၊ double angle formula၊ half angle formula၊ factor formula များကို မှတ်မိအလွတ်ရနေဖို့ လိုပါတယ်။ ဒီပုံသေနည်းများကို Trigonometric equation များ ဖြေရှင်းတဲ့အခါနဲ့ Trigonometric identities များ သက်သေပြရာမှာ မှန်မှန်ကန်ကန် အသုံးချတတ်ဖို့လိုပါတယ်။ အဲဒီအပြင် Trigonometry ရဲ့ အခြေခံဥပဒေသနှစ်ခုဖြစ်တဲ့ Law of Sines နဲ့ Law of Cosines ပုံသေနည်းများကိုလည်း သိရှိထားဖို့လိုပြီး ဒီဥပဒေသများနဲ့ တြိဂံများ ဖြေရှင်းတတ်ဖို့လည်းလိုပါတယ်။ ဒီ Trigonometry အခန်းဟာ ပုံသေနည်းများပြားတဲ့ အခန်းဖြစ်တဲ့အတွက် ဒီပုံသေနည်းများကို တစ်ခုနဲ့တစ်ခု မရောထွေးဘဲ တိတိကျကျ သိရှိအောင် ကြိုးစားကျက်မှတ်ထားပြီး ပုစ္ဆာတွေမှာ မှန်မှန်ကန်ကန် သုံးတတ်အောင် လေ့ကျင့်ကြဖို့ တိုက်တွန်းလိုပါတယ်။

ယခုဆက်လက်ပြီး Chapter 12 Calculus အကြောင်း ရှင်းပြပါမယ်။ ဒီအခန်းမှာ ရှေးဦးစွာ အခြေခံသဘောတရားတွေဖြစ်တဲ့ function တစ်ခုရဲ့ limit ဆိုတဲ့ သဘောတရားနဲ့ function တစ်ခုရဲ့ derivative ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တို့ကိုသိရှိထားဖို့ လိုပါတယ်။ အဲဒီနောက် function တစ်ခုရဲ့ derivative များရှာတဲ့အခါအသုံးပြုရမယ့် ဥပဒေသတွေဖြစ်တဲ့ chain rule၊ product rule၊ quotient

စာမျက်နှာ ၁၆ ကော်လံ ၁

8-2-08 (15).pmd 1 2/8/2008, 5:07 AM

## (၃–၂–၂၀၀၈)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးတင်မောင်၊ ဦးညွန့်ဝင်း၊ ဦးသောင်းတင်တို့၏ လွှဲအပ်ချက်အရ ဦးချစ်လွင်(တရားရုံးချုပ်ရှေ့နေ)၏ သတိပေးတားမြစ်ခြင်း ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း။

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်နိုင်ဦး ဒုတိယဥက္ကဋ္ဌ၊နိုင်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၁၃–အီး၊ ³)မြေကွက်အမှတ် (II–၁၅)၊(ပေ၁၀၀ X ပေ၆၀)အကျယ်အဝန်းရှိ မြေပိုင်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၇၈/၃၀၀) မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ဟုခေါ်တွင်သော သုံးထပ်တိုက်ဟောင်းမှာ အိုမင်းဟောင်းနွမ်းလျက်ရှိပြီး ဆက်လက်နေထိုင်ပါက အန္တရာယ်ကျရောက်လာနိုင်သဖြင့် ယင်းဆောက်အအုံ၌ နေထိုင်ကြသူ မူလနေထိုင်သူများက မြို့တော်စည်ပင်သို့ လျှောက်ထားတင်ပြချက်အရ မြို့တော်စည်ပင် အင်ဂျင်နီယာဌာန(အဆောက်အအုံ)(D.B)ပဏာမ အဖွဲ့ကြီးမှ စိစစ်လျက်**(၂၈–၅–၂၀၀၆)ရက်စွဲပါ ကြေးမုံသတင်းစာ၌ အန္တရာယ်ရှိ**အဆောက်အအုံအဖြစ် သတ်မှတ်ခဲ့ပြီး ယင်းအဆောက်အအုံကို ဖြိုဖျက်ကာ အသစ်ပြန်လည်ဆောက်လုပ်ရန် စီစဉ်လျက်ရှိ၍ ကန့်ကွက်လိုသူများရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများကို တင်ပြရန် ကြေညာခဲ့ပါသည်။

ရန်ကုန်မြို့တော်စည်ပင်၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယင်းကဲ့သို့ ကြေညာခဲ့ပြီးနောက် နှစ်နှစ်နီးပါးကြာသည်အထိ မြေအမည်ပေါက်တင်ပြနိုင်ခြင်းမရှိကြောင်း မူလနေထိုင်သူများသိရှိခဲ့ကြပြီး လက်ရှိအဆောက်အအုံဟောင်းမှာလည်း မည်သို့မျှ နေထိုင်ရန် မသင့်တော်တော့ဘဲ အများပြည်သူအပေါ် အချိန်မရွေး အန္တရာယ်ကျရောက်လာနိုင်သဖြင့် မူလနေထိုင်သူများက မြို့တော်စည်ပင်မှ ယာယီအိမ်/မြေရှင်ပြုလုပ်ပေးပါရန် လျှောက်ထားခဲ့ကြသဖြင့် မြို့တော်စည်ပင်သည် ယာယီ အိမ်/မြေရှင် ဖြစ်လာပါသည်။

မူလနေထိုင်သူများက ၎င်းတို့၏ တစ်သက်တာစိတ်အေးချမ်းသာစွာနေထိုင်ရန် အကောင်းဆုံးဆောက်လုပ်ပေးနိုင်မည့် အမည်ကောင်းဂုဏ်သတင်းရှိ ဆောက်လုပ်ရေးကုမ္ပဏီအား ရွေးချယ်နိုင်ရေးအတွက် ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းခဲ့ကြပါသည်။ မူလနေထိုင်သူများ၏ ကမ်းလှမ်းချက်အရ နိုင်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် အသစ်ပြန်လည်ဆောက်လုပ်ရန်အတွက် မူလနေထိုင်သူများ၊ ယာယီအိမ်/မြေရှင်ဖြစ်သူ ရန်ကုန်မြို့တော်စည်ပင်၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)နှင့်စာချုပ်များချုပ်ဆိုကာ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေခြင်းသာ ဖြစ်ပါသည်။

ယင်းအန္တရာယ်ရှိ အဆောက်အအုံနှင့်ပတ်သက်၍ ယနေ့ထက်တိုင်လည်း မြေအမည်ပေါက် တင်ပြနိုင်ခြင်းမရှိကြောင်း သိရှိရပြီး လူကြီးမင်းတို့ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဆိုသော အန္တရာယ်ရှိ အဆောက်အအုံ၌ လူကြီးမင်းတို့ပိုင် တိုက်ခန်းတစ်ခန်းမျှလည်း မရှိပါ။ (၁၈–၁–၂၀၀၇)ရက်စွဲပါ လွန်ခဲ့သော တစ်နှစ်ကျော်က လူကြီးမင်းတို့ပေးပို့သည်ဆိုသော အကြောင်းကြားစာကိုလည်း ရရှိခဲ့ခြင်းမရှိ၍ ပြန်ကြားမှုမပြုခဲ့ခြင်းဖြစ်ပါသည်။ ဂေါပကလူကြီးများအား မျက်ကွယ်ပြုရန် အကြောင်းလည်းမရှိပါ။ ဂေါပကလူကြီးများက စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဆိုပါက သက်ဆိုင်ရာဌာနတွင်သာ မြေအမည်ပေါက်အထောက်အထားများတင်ပြလျက် အိမ်/မြေရှင်၏ လုပ်ပိုင်ခွင့်ကို တောင်းဆိုသင့်ကြောင်း အကြံပြုလိုပါသည်။ သို့ပါ၍ (၃–၂–၂၀၀၈)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ လူကြီးမင်းတို့၏ တစ်ဖက်သတ်စွပ်စွဲချက်များသည် **နိုင်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ အမည်ကောင်းဂုဏ်သတင်းများအား ထိခိုက်နစ်နာစေသည့်အတွက် ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်ပါသည်။**

ဤရှင်းလင်းကြေညာချက်အား လက်ခံခြင်းမရှိဘဲ တရားဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ရင်ဆိုင်ဖြေရှင်းရန်အသင့်ရှိပါကြောင်းနှင့် အပြုသဘောသို့နှိုင်းမည်ဆိုပါကလည်း ကြိုဆိုလက်ခံမည်ဖြစ်ကြောင်းကို ပြန်ကြားရှင်းလင်းကြေညာအပ်ပါသည်။

**နိုင်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**
**ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးတင်မောင်ဆွေ B.A(Law) LL.B.,D.B.L**
**တရားရုံးချုပ်ရှေ့နေ**
**အမှတ် ၅၈၊ပထမထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း–၅၅၉၄၆၀၊၀၉–၅၀–၀၉၁၆၇။**

## ကြော်ငြာစာ

### (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၂၈၃)
### ရန်ကုန်တိုင်းတရားရုံးတော်၌
### ၂၀၀၇ ခုနှစ် တရားမအထွေထွေမှုအမှတ်–၃၄၂
### ကွယ်လွန်သူ ဦးလှဖော်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

**ဒေါ်နုနုစံအောင်** **လျှောက်ထားသူ**

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက် ၃၆ လမ်း၊ အမှတ် ၄၉/၅၁ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလှဖော်၏ ကျန်ရှိရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နုနုစံအောင်မှ အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် (၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက်) နံနက် ၉:၃၀နာရီ၌ ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးလှဖော်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်စုံတစ်ရာ သက်ဝင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက် လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင် ဆိုခဲ့သော ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက် (၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက်) နံနက် ၉:၃၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်နုနုစံအောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်၌ ဤရုံးတော်တံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ပြုံးပြုံးအေး**
**တွဲဖက်တိုင်းတရားသူကြီး(၈)**
**ရန်ကုန်တိုင်းတရားရုံး။**

## ရောင်းရန်ကြော်ငြာ

### (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
### မြင်းခြံခရိုင်တရားရုံး
### ၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၇၀

| | | |
|---|---|---|
| မန်နေဂျာ<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်<br>ကူးသန်းရောင်းဝယ်ရေးဘဏ်<br>မန္တလေးမြို့။ | **နှင့်** | ၁။ ဦးကိုကိုသန်း<br>၂။ ဒေါ်အေးအေးမြင့် |
| **တရားနိုင်** | | **တရားရှုံး** |

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်–၂၃၂ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် မတ် ၁၁ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

မန္တလေးတိုင်း မြင်းခြံခရိုင် မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ အကွက်အမှတ် (၆)၊ ကျေးရွာအမှတ် ၇၆၊ ဧရိယာ၀.၁၁၃၀.၀၇၈က ဘိုးဘွားပိုင်မြေနှင့် ယင်းမြေပေါ်ရှိ ကွန်ကရစ်နှစ်ထပ် အဆောက်အအုံတစ်လုံး။

**ကြမ်းခင်းဈေး ကျပ်သိန်း ၁၁၀။**

**ရောင်းချရန်စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဒေါ်မေလေးညို (တ/၁၆၁၄)**
**ခရိုင်တရားသူကြီး**
**ခရိုင်တရားရုံး၊ မြင်းခြံမြို့။**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ် ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် ရန်ကုန်မြို့ အင်းလျားလမ်းနေ နှစ်ဖက်သောမိဘများနှင့် ခိုင်ရွှေဝင်းကုမ္ပဏီလီမိတက်၏ ကျေးဇူးရှင် ဒေါ်သန်းနု(မန်နေဂျင်းဒါရိုက်တာ)အား ရည်စူး၍ ဦးတင်ရွှေ–ဒေါ်မွေး၊ မန်နေဂျာ ဦးအေးမိသားစုတို့က ငွေကျပ်နှစ်သိန်း၊ မိခင်ကြီးဖြစ်သူ ဒေါ်ခင်ရွှေနှင့် သားသမီး၊မြေးမြစ်တစ်စုတို့က ငွေကျပ် ခုနစ်သောင်းနှင့် ပြည်ပရောက် အလှူရှင်များက အမေရိကန်ဒေါ်လာ ၅၀ တို့ကို ဇန်နဝါရီ ၃၀ ရက်က စေတီတော်ရင်ပြင် အာရုံခံတန်ဆောင်း၌ ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၂လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၂၀၈–ဘီ မြေညီထပ် လမ်း ၄၀ ရန်ကုန်မြို့နေ ဦးကံညွန့်–ဒေါ်ဆိုင်၊ သားအောင်ကျော်ဦး၊ သားငယ် အောင်ကျော်လင်း၊ သမီး မြင့်မြင့်ကျော် မိသားစုက ဒေါ်ဆိုင်၏ မွေးနေ့အတွက် အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး ဦးစိုးမြတ်အောင် လက်ခံစဉ်။ (က–ပ)

## လားရှိုး၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး တာဝန်ပေးအပ်

လားရှိုး ဖေဖော်ဝါရီ ၁

**ရှမ်းပြည်နယ်(မြောက်ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာန လားရှိုးမြို့ ပြန်လည်ထူထောင်ရေးစခန်းရုံးတွင် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး တာဝန်ပေးအပ်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပသည်။**

### တက်ရောက်

အခမ်းအနားသို့ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်းဥက္ကဋ္ဌ ဦးစံရှိန်နှင့် မန္တလေးတိုင်းမှ တာဝန်ရှိသူများ လားရှိုးမြို့ ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ ဦးဇော်မင်းနှင့် မူးယစ်ကြီးကြပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် စခန်းတွင် ပြန်လည်ထူထောင်မှု ခံယူကြသည့် သင်တန်းသားများ တက်ရောက်ကြသည်။

### လက်ခံ

အခမ်းအနားတွင် လားရှိုးမြို့ ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ ဦးဇော်မင်းက မူးယစ်ကြီးကြပ်ရေးမှူး တာဝန်ပေးအပ်ရသည့် ရည်ရွယ်ချက်ဖြစ်သည့် ပြန်လည်ထူထောင်ရေးစခန်းမှ ဆေးဖြတ်ပြီး၍ ထူထောင်မှု ခံယူပြီးသူ သင်တန်းသားများအား နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် HIV/AIDS ရောဂါအန္တရာယ် လျော့ချရေးအတွက် လွှဲပြောင်းညွှန်းပို့ပြီး ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများပေးနိုင်ရန် ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ပြီး တာဝန်ပေးအပ်ခြင်းကို ရှင်းလင်းကာ လားရှိုးခရိုင်အတွင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် တာဝန်ပေးအသိအမှတ်ပြုစာရင်းကို ပေးအပ်ရာ မြို့နယ်မူးယစ်ကြီးကြပ်ရေးမှူး ဦးမြင့်ဦးက လက်ခံယူခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(လူမှုဝန်ထမ်း)**

စာမျက်နှာ ၁၅ မှ

rule ၌ implicit function [illegible] function [illegible] derivative [illegible] trigonometric function၊ exponential function ၌ logarithm function [illegible] derivative [illegible]

[illegible] calculus [illegible] curve [illegible] gradient၊ tangent line ၌ normal line [illegible] curve [illegible] stationary point [illegible] stationary point [illegible] function [illegible] function [illegible] Trigonometry [illegible] 5 Calculus [illegible] derivative [illegible]

[illegible] Section A [illegible] Multiple Choice Questions [illegible] (A, B, C, D, E [illegible] A, B, C, D, E [illegible] small letter ၌ [illegible] capital letter [illegible]

[illegible] Section A၊ Section B၊ Section C [illegible] Section [illegible] Section [illegible] Test Questions [illegible]

8-2 (16) 1 2/8/08, 5:43 AM

## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ၂၀၀၆ ခုနှစ် အတွက် မြန်မာ့ရုပ်ရှင်အကောင်းဆုံးထူးချွန်ဆု ဆွတ်ခူးရရှိကြသူများ

- ❒ **အကောင်းဆုံးရုပ်ရှင် အသံထူးချွန်ဆု**
  ဦးမျိုးညွန့် (တောင်သမန်သစ္စာ)
- ❒ **အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု**
  ဇော်မြင့်ဦး (တောင်သမန်သစ္စာ)
- ❒ **အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားတည်းဖြတ်ဆု**
  ဇော်မင်း(ဟံသာမြေ) (မျှော်လင့်ခြင်းများစွာ)
- ❒ **အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု**
  သန်းညွန့်(ပန်းသာ) (ပန်းပျိုးသူတို့အလကာ်)
- ❒ **အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု**
  ကိုသော်ဇင်(လဝန်းအိမ်) (ပန်းပျိုးသူတို့အလကာ်)
- ❒ **အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု**
  မေသဥ္ဇာဦး (ပန်းပျိုးသူတို့အလကာ်)
- ❒ **အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု**
  (မျှော်လင့်ခြင်းများစွာ)
- ❒ **အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု**
  ဖိုးကျော် (မျှော်လင့်ခြင်းများစွာ)
- ❒ **အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆု**
  မောင်မျိုးမင်း(ရင်တွင်းဖြစ်) (မျှော်လင့်ခြင်းများစွာ)
- ❒ **အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု**
  နန္ဒာလှိုင် (တောင်သမန်သစ္စာ)
- ❒ **အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု**
  ရန်အောင် (ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ)

# အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု( အကယ်ဒမီဆု ) ချီးမြှင့်ပွဲ တက်ရောက်အားပေးချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

*စာမျက်နှာ ၁၀ ကော်လံ ၅* ✻

## မြန်မာ့အလင်း
## (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

- ❒ **တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကရင်ပြည်နယ်** (စာ-၇)

အသီးတစ်ရာ
အညှာတစ်ခု
ဒို့ပြည်ထောင်စု

- ❒ **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေး မူဝါဒအဖြစ် ပြည်ထောင်စုသားတိုင်းက ကာကွယ်စောင့်ရှောက်ရန် အရေးကြီးနေပေပြီ။** စောဖိုးသဲ၏ ဆောင်းပါး(စာ- ၈၊ ၉)
- ❒ **ပြည်ထောင်စုနေ့ရည်မှန်းချက်** ပန်းတောင်းသန်းကြွယ်၏ ကဗျာ (စာ-၉)

## ခြောက်ထပ်ကွမ်း အကယ်ဒမီဆုရှင် ရန်အောင်

၂၀၀၆ခုနှစ် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို 'ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ' ရုပ်ရှင်ဇာတ်ကားဖြင့်ရရှိသွားသည့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီခြောက်ထပ်ကွမ်း ရန်အောင်၏ အောင်မြင်မှုကို ဝမ်းသာအားရ ဝိုင်းဝန်းဂုဏ်ပြုကြသူများ၏ အပျော်အပြုံးများ....

ဓာတ်ပုံမှတ်တမ်း-အောင်ထွန်းနိုင်(ပြည်မြန်မာ)